# ကြေးမုံ
# The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ရက်၊ တနင်္လာနေ့၊ (8-3-2004) (၄၁၆၉)


| အတ္တသမ္မာ ပဏိဓိ စ တေံ မင်္ဂလ မုတ္တမံ။ | မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။ |
|---|---|

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ရွှေတိဂုံစေတီတော် ပုံတော်ပွားစေတီတော်၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

# မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင် တည်ထားသော ဇမ္ဗူ့ဥသျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်

ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ပုဂံဓမ္မရာဇက ပုံတော်ပွားစေတီတော်၏ ရွှေထီးတော်ဘုံအဆင့်ဆင့်များ၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)



ရန်ကုန် မတ် ၇

**ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင် တည်ထားကိုးကွယ်တော်မူသော ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တင်လှူပူဇော်သည်။**

### တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တ ပညာဒီပနှင့် ရန်ကုန်တိုင်း သံဃနာယကဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေ ဦးဆောင်သည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

၈-၃-၂၀၀၄
(တနင်္လာနေ့)

# ရော်ဘာနှင့်ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုး သားငါးကဏ္ဍဝင်ငွေတိုးတက်ရရှိရေးဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ခုလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းများကို စနစ်တကျချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် နိုင်ငံတော်အနှံ့ အောက်ခြေဒေသများအထိ သွားရောက်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ မတ်လ ၂ရက်နေ့က မွန်ပြည်နယ်ရေးမြို့နှင့် မော်လမြိုင်မြို့တို့သို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခရီးစဉ်အတွင်း မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မော်လမြိုင် တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် တွေ့ဆုံရာတွင် **မွန်ပြည်နယ်သည် စိုက်ပျိုးရေးဖြစ်ထွန်းသည့် နယ်မြေဖြစ်ကြောင်း၊ စပါးကိုပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်အောင်၊ အခြားဖြစ်ထွန်းနိုင်သော ရာသီသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်အောင် အားထည့်ရမှာဖြစ်သကဲ့သို့ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို ရည်မှန်းချက်နှင့်အညီ နှစ်အလိုက်တိုးချဲ့စိုက်ပျိုးသွားရန် အရေးကြီးကြောင်း၊ ထို့ပြင် အလားအလာကောင်းသော သားငါးကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိအောင် အားပေးဆောင်ရွက်သွားရန်လိုကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

မွန်ပြည်နယ် ရေးမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်းကောင်းမွန်သည့်အပြင် သား၊ ငါးလုပ်ငန်း အလားအလာကောင်းမွန်သဖြင့် အခြေခံကောင်းရှိသောဒေသဖြစ်သည်။ ထို့အပြင် တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်အကြား လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်ပေးထားသဖြင့် စီးပွားကုန်သွယ်မှုနှင့် ဆက်သွယ်သွားလာမှု ပိုမိုဖွံ့ဖြိုးစည်ပင်ကောင်းမွန်လျက်ရှိသည်။

ရေးမြို့သည် ယခင်ကာလများက ကားလမ်းဆုံးသည့် မြို့၊ ရထားလမ်းဆုံးသည့်မြို့ဖြစ်ခဲ့သည်။ ယခုအခါ ရေး–ထားဝယ်–မြိတ်–ကော့သောင်းလမ်းမကြီးကို ဖောက်လုပ်ထားပြီးဖြစ်သည့်အပြင် ရေးမြို့မှ ထားဝယ်မြို့အထိ ရထားလမ်း ပေါက်သည့်အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်စည်ပင်လာရန် အလားအလာကောင်းမွန်လျက်ရှိသည်။

မွန်ပြည်နယ်သည် စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းသည့် ဒေသဖြစ်သဖြင့် စပါးနှင့် ရော်ဘာ၊ ငရုတ်ကောင်းတို့ကို ယခုထက် တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်သည်။ ပြည်နယ်အတွင်းရှိ သဘာဝသယံဇာတများကို အခြေခံ၍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် အားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က ပြည်နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာစေရန် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ဖြည့်ဆည်းပေးထားပြီးဖြစ်ရာ ဒေသခံပြည်သူများကလည်း မိမိတို့မြို့ရွာ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် ပိုမိုအားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

မွန်ပြည်နယ်တွင် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်ပညာရေးကောလိပ်၊ မော်လမြိုင်မြို့ အစိုးရနည်းပညာကောလိပ်၊ မော်လမြိုင်မြို့ အစိုးရကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ ဒေသအလိုက် လူ့အရင်းအမြစ်များ ထွက်ပေါ်လာရေး၊ အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်များဖြင့် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

မွန်ပြည်နယ်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ တံတားကြီးသည် မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးမားဆုံး တံတားကြီးဖြစ်သည့်အပြင် ရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်းယှဉ်လျက်ပါရှိသဖြင့် ထိုတံတားကြီးတည်ဆောက်ပြီးစီးသွားပါက ပြည်သူများ လျင်မြန်လွယ်ကူစွာ ကူးသန်းဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးတောင့်တင်းခိုင်မာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ရော်ဘာနှင့်ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် စီးပွားရေး အလားအလာကောင်းမွန်သော သားငါးကဏ္ဍမှဝင်ငွေတိုးတက်ရရှိစေရေးသက်ဆိုင်ရာတို့ကကဏ္ဍအလိုက် အားပေးဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

---

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် အဖွဲ့ဝင်များ ရန်ကုန်၊ မန္တလေး၊ ပုဂံညောင်ဦးမြို့များ၌ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၇

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr. Sontaya Kunplome နှင့် အဖွဲ့ဝင်များသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ မတ်၅ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။**



**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr. Sontaya Kunplome နှင့် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်တွင် ဖူးမြော်ကြည်ညိုကြစဉ်။** (ဟိုတယ်/ခရီး)

## ဖူးမြော်

ဆက်လက်၍ ဧည့်သည် ထိုင်းနိုင်ငံဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဧည့်သည်ထိုင်းနိုင်ငံဝန်ကြီးနှင့်အဖွဲ့သည် မတ် ၆ရက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးမြို့သို့ ရောက်ရှိပြီး မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေကျောင်းတော်ကြီးတို့ကိုလည်းကောင်း၊ ဦးစိန်မြင့်ရွှေချည်ထိုးလုပ်ငန်းနှင့် သိန္ဓောမြင်းပျံ၊ ရွှေပြည်ကျော်၊ လွန်းရာကျော် အချိတ်ရက်ကန်းလုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

## လေ့လာ

ထိုမှတစ်ဆင့်ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် ပုဂံ–ညောင်ဦးမြို့သို့ ရောက်ရှိ၍ ရွှေစည်းခုံ စေတီတော်ကြီးအားလည်းကောင်း၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုပြတိုက်ကို လည်းကောင်း၊ အာနန္ဒာဘုရား၊ လောကနန္ဒာစေတီတော်နှင့် ဓမ္မရာဇကစေတီတော်တို့ကို လည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည်။

ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက် ၈နာရီခွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဧည့်သည်ဝန်ကြီးက ဧည့်သည်တော်မှတ်တမ်းလွှာတွင် လက်မှတ်ရေးထိုး၍ ဂေါပကအဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ဧည့်သည်တော်ဝန်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ ဦးဆောင်၍ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များပါဝင်သော အဖွဲ့နှင့် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကန်ရိပ်သာလမ်းရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မင်္ဂလာခန်းမ၌ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

# နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၁)ဖြန့်ချိ

ရန်ကုန် မတ် ၇

သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းမှ အပတ်စဉ် ပုံမှန်ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၁) ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ) "မီဒီယာခေတ် မကျန်ရစ်ဖို့"** ဟူသော ဂျာနယ် ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြားတင်ဆက်လျက်ရှိသော နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် နယ်စားပယ်စားများကြီးစိုးသည့် အာဖဂန်နစ္စတန်၊ ကင်ညာနိုင်ငံအကြောင်း သိကောင်းစရာ၊ တစ်ပတ်အတွင်း သတင်းမှတ်စု၊ လွတ်လပ်စွာကုန်သွယ်ရေးနှင့် ပုစွန်ပို့ကုန်၊ ဗီယက်နမ်စစ်၏ဆိုးမွေ၊ ကားထုတ်လုပ်သူများ၏အမြင်သစ်၊ မုန်တိုင်းထန်သည့် ဟေတီကျွန်းနိုင်ငံ၊ ဘင်လာဒင်ရှာပုံတော်၊ နိုင်ငံတကာဟာသ၊ အေသင်အိုလံပစ်၊ စစ်ကာလဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်း၊ မြောက်ဝင်ရိုးစွန်းတွင် ပိတ်မိနေသော သိပ္ပံပညာရှင်များကိုကယ်တင်ခြင်း၊ ကမ္ဘာ့အသက်ကြီးဆုံးအဘိုးအို၊ တရုတ်ပြည် ကာကွယ်ရေးစရိတ်၊ ဘာသာပြန်ပေးမည့်စက်ရုပ်၊ အော်စကာဖြင့်ပေါ်လာသူများ စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။



(ကြေးမုံ)

# ကုန်သည်/ စက်မှုအသင်းချုပ် ဂျပန်ဘာသာသင်ကြားရေးဆွေးနွေး

ရန်ကုန် မတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ UMFCCI Training Centre ၌ ဂျပန်ဘာသာ (ရေး၊ဖတ်၊ပြော) သင်ကြားပို့ချရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၄ရက် မွန်းလွဲ ၁နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ UMFCCIပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ ဂျပန်နိုင်ငံ Koeki Shoji Co., Ltd မှ Mr. Nakagami Yoshika နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံ Koeki Shoji Co.,Ltd တို့ ပူးပေါင်းစီစဉ်မှုဖြင့် လာမည့်ဧပြီလမှစတင်၍ UMFCCI Training Centre ၌ ဂျပန်ဘာသာ (ရေး၊ဖတ်၊ပြော) Japanese Language Course (ပထမနှစ်၊ ဒုတိယနှစ်) သင်တန်းကို ဂျပန်နိုင်ငံမှ သင်တန်းဆရာများကိုယ်တိုင်လာရောက်သင်ကြားပို့ချရေးနှင့် ဂျပန်နိုင်ငံ၌ ပညာဆက်လက်သင်ကြားနိုင်ရေးတို့ကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

**ဒါတွေကို သိဖို့လိုတယ်**

✱ မြောက်တိုင်းလည်း မကြောက်နဲ့
✱ ခြောက်တိုင်းလည်း မကြောက်နဲ့
✱ ချော့တိုင်းလည်း မပျော့နဲ့

# အီရတ်ပြည်သူတို့အတွင်း အမေရိကန်မုန်းတီးရေးစိတ်ဓာတ်များ တိုးပွားနေ



မတ် ၆ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲပြုလုပ်စဉ် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်ကြည်းတပ်မှ အမ်–၁ အမျိုးအစား တိုက်ခိုက်ရေး သံချပ်ကာကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



မြို့တော်ဘဂ္ဂဒက်တွင် မတ် ၆ရက်က သံသယရှိသူ အီရတ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ–အင်တာနက်)

## အီရတ်မြင်ကွင်း



မကြာသေးမီက အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးကို ပိုမိုတင်းကျပ်ထားရာ တာဝန်ကျ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး တာဝန်ကျရာသို့ ပြေးသွားနေသည်ကို မတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



မတ် ၆ ရက်က မြို့တော်ဘဂ္ဂဒက်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



မတ် ၆ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့တွင် အုတ်တံတိုင်းနံရံပေါ်မှ အမေရိကန်ဆန့်ကျင်ရေး လက်ရေးစာတန်းများကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက မှုတ်ဆေးဖြင့် ဖျက်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)



## ရှာဖွေ

မတ် ၆ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့ မြောက်ဘက် အမ်မရာမြို့တွင် ဗြိတိသျှ တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများအကြား အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ဘာဆရာမြို့၌ လုံခြုံရေး တင်းကျပ်ထားရာ ဗြိတိသျှ တပ်ဖွဲ့ဝင်များက စက်ဘီးစီးလာသူ အီရတ်တစ်ဦးကို ရပ်တန့်ခိုင်းကာ ရှာဖွေနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

**နိုင်ငံတကာ သတင်းများ**

# အမေရိကန်ဦးဆောင်သောတပ်ကို ခုခံတိုက်ခိုက်သူအများစုမှာ အီရတ်နိုင်ငံသားများသာဖြစ်သည်ဟုဆို

ဘဂ္ဂဒက် မတ် ၆

**အီရတ်နိုင်ငံတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် နိုင်ငံခြားသားများ ပါဝင်မှုရှိသော်လည်း ခုခံတိုက်ခိုက်ရေးသမားများ၏ အရေအတွက်အများစုမှာ အီရတ်နိုင်ငံသားများပင်ဖြစ်သည်ဟု အထက်တန်း အမေရိကန်အရာရှိတစ်ဦးက ပြောကြားသည်။**

**ထိရောက်မှုပိုမို**

အီရတ်တွင် ဖြစ်ပေါ်နေသော တိုက်ခိုက်မှုများသည် ပို၍ ခေတ်မီလာပြီး ထိရောက်မှုလည်း ပိုမိုရှိလာသည်ကို တွေ့ရသည်။

**မှားယွင်း**

ထိုအချက်ကို ထောက်ရှုပြီး အီရတ်တွင် နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများသည် အဓိကအန္တရာယ်ပင် ဖြစ်သည်ဟု ယူဆလျှင် မှားယွင်းလိမ့်မည်ဟု ဗိုလ်မှူးချုပ်မာတင်ဒမ်ဆေးက ဆိုသည်။

အီရတ်တွင် နိုင်ငံခြားသားတိုက်ခိုက်ရေးသမား အများအပြား ရှိနေသည်ဟု မြင်လျှင် မှားပေလိမ့်မည်။ မိမိတို့က နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများဟူ၍ စကားလုံး သုံးသောအခါ အီရတ်၌ ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် ကျွမ်းကျင်မှုအကူအညီပေးသူ၊ ဘဏ္ဍာရေးအကူအညီပေးသူနှင့် တစ်ခါတစ်ရံ အစီအမံနှင့် ခေါင်းဆောင်မှုပေးသူ နိုင်ငံခြားသားများရှိနေသည်ဟု ဆိုလိုခြင်းသာဖြစ်သည်။

**၁၀ ရာခိုင်နှုန်းအောက်ရှိ**

မိမိတို့ဖမ်းဆီးရမိသူများ၏ အခြေအနေကို ကြည့်ခြင်းအားဖြင့် အီရတ်တိုက်ခိုက်မှုများတွင် နိုင်ငံခြားသား ပါဝင်မှုမှာ ၁၀ ရာခိုင်နှုန်း အောက်တွင်သာ ရှိသည်ကို သိနိုင်ကြောင်း ဒမ်ဆေးကပြောကြားသည်။

**တာဝန်ယူ**

ဒမ်ဆေးသည် ဘဂ္ဂဒက်၏ လုံခြုံရေးကို တာဝန်ယူထားရသော အမှတ်(၁) သံချပ်ကာ တပ်မ၏ အကြီးအကဲဖြစ်သည်။

**ဖမ်းဆီး**

လွန်ခဲ့သော ခြောက်လအတွင်းက နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ အဖြစ် သင်္ကာမကင်းသူ ၁၅ ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့ အထဲတွင် အများစု ပါဝင်သူများမှာ ဂျော်ဒန်နှင့် ဆီးရီးယားများ ဖြစ်ကြကြောင်း ဒမ်ဆေးက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



**သယ်ဆောင်**

***မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရသူ အီရတ်တစ်ဦးအား သယ်ဆောင်လာစဉ်။***

(ဓာတ်ပုံ-အင်တာနက်)

**မတ် ၄ ရက်က ဘဂ္ဂဒက်မြို့ ရဲစခန်းတစ်ခုရှေ့၌ လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## အီရတ်အရပ်သားများကို ပစ်သတ်ခဲ့ဟု ကန်အရာရှိဝန်ခံ

**ကယ်ကွတ် မတ် ၆**

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ လွန်ခဲ့သောနှစ်ရက်က အီရတ်အရပ်သားလေးဦးကို သတ်ဖြတ်လိုက်ကြောင်း အမေရိကန်စစ်ဘက်က ဝန်ခံလိုက်သည်။

**သေဆုံး**

အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အီရတ် ခုခံတိုက်ခိုက်ရေး အင်အားစုများ တိုက်ခိုက်ကြစဉ် ဗုဒ္ဓဟူးနေ့က အီရတ်လေးဦး သေဆုံးရခြင်းဖြစ်သည်ဟု အမှတ်(၄) ခြေလျင်တပ်မမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ဂျိုဇလင်းက သောကြာနေ့တွင် ပြောကြားသည်။

**ထိမှန်**

ခုခံ တိုက်ခိုက်ရေးသမားများအား ဖမ်းဆီးရန် အမေရိကန်တပ်ဖွဲ့ဝင်များက ကြိုးပမ်းစဉ် အဆိုပါ ခုခံတိုက်ခိုက်ရေးသမားများ၏ ဆွေမျိုးများ ထိမှန်သေဆုံးကြရခြင်း ဖြစ်သည်ဟု ဗိုလ်မှူး ဂျိုဇလင်းက ထည့်သွင်းပြောဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည်အီရတ်မိသားစု တစ်ခုမှခင်ပွန်း၊ ဇနီး၊ သားတစ်ဦးနှင့် ဝမ်းကွဲတစ်ဦး စုစုပေါင်း လေးဦးကို ပစ်သတ်လိုက်ခြင်း ဖြစ်ကြောင်း အီရတ်ရဲအရာရှိ မာမွတ်က ပြောဆိုသည်။

**ဒဏ်ရာရရှိ**

အသက် ၁၁ နှစ်အရွယ် ဒုတိယသားငယ်မှာ ဒဏ်ရာရသွားသည်။

***အင်တာနက်။***

## ဒဗလျူတီစီ အတိုက်ခံရစဉ်က သေဆုံးခဲ့သူများ၏ဓာတ်ပုံကို မဲဆွယ်ရာ၌သုံးသဖြင့် သေဆုံးသူများ၏ ဆွေမျိုးများက ဘုရှ်ကို အပြစ်တင်

**ဝါရှင်တန် မတ် ၆**

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက်က အမေရိကန် မြို့ကြီးများကိုတိုက်ခိုက်ခံရ၍ သေဆုံးသူများ၏ ကျန်ရစ်သူ ဆွေမျိုးသားချင်းများက အမေရိကန်သမ္မတဘုရှ်အား ပြစ်တင်ဝေဖန်လိုက်သည်။

**— အသုံးချ —**

သမ္မတဘုရှ်က သေဆုံးသူများ၏ ပုံများကို ရွေးကောက်ပွဲမဲဆွယ်ရေး ကြော်ငြာတွင် အသုံးချနေခြင်းကို သေဆုံးသူများ၏ ဆွေမျိုးသားချင်းများက ပြစ်တင်ခြင်းဖြစ်သည်။

ယင်းသို့ အသုံးချသည်ကို တွေ့ရသည်မှာ လုံးဝ စက်ဆုပ်ဖွယ်ရာဖြစ်ကြောင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေး အမြှာညီနောင် အဆောက်အအုံ (ဒဗလျူတီစီ)ကို အကြမ်းဖက် တိုက်ခိုက်ခံရစဉ်က ညီဖြစ်သူပါသွားသည့် ပက်တာဆင်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ အိမ်ဖြူမှ ပြောရေးဆိုခွင့်ရှိသူကမူ မိမိတို့သည် အကြမ်းဖက်တိုက်ခိုက် ခံရချိန်တွင် သမ္မတ၏ဦးဆောင်မှုကိုသာ ဦးစားပေးထား ခြင်းဖြစ်ကြောင်း ပြောကြားကာ ရွေးကောက်ပွဲ ကြော်ငြာနှင့် စပ်လျဉ်း၍ ကာကွယ်ပြောဆိုသည်။

***အင်တာနက်။***

## ချုံခိုတိုက်ခိုက်ခံရ၍ ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရ

**လန်ဒန် မတ် ၆**

ယခုသီတင်းပတ် သောကြာနေ့က အီရတ် အရှေ့တောင်ပိုင်း ကျေးရွာတစ်ရွာတွင် ကင်းလှည့်နေစဉ် ဗြိတိသျှတပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရသဖြင့် လေးဦး ဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အကြီးစားစက်သေနတ်များ၊ ပဲ့ထိန်းလက်ပစ်ဗုံးများဖြင့် ပစ်ခတ်ခံရပြီးနောက် ကင်းလှည့်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်များမှာ အမှတ်(၁)ခြေမြန်တပ်ရင်းမှဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ဖော်ပြောကြားသည်။

လွန်ခဲ့သော လများအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင်များ တာဝန်ယူထားသည့် အီရတ်အရှေ့တောင်ပိုင်းသည် အခြားဒေသများနှင့် နှိုင်းယှဉ်ပါက တည်ငြိမ်မှု ရှိနေခဲ့သည်။

၂၀၀၃ခုနှစ် ဇွန်လတွင် မာဂျာအယ်လ်ကာဘာဒေသ၌ တိုက်ခိုက်မှုတစ်ခုတွင် ဗြိတိသျှစစ်ရဲ တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးခဲ့သည်။

***အင်တာနက်။***

## အီရတ်ငါးဦး အသတ်ခံရမှု ကန်တပ်ဖွဲ့ဝင်များကို စစ်ဆေး

**တီကရစ် မတ် ၆**

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ခုခံတိုက်ခိုက်သူများကို ရှာဖွေစဉ် အီရတ်ငါးဦးကို သတ်သွားသည်ဆိုသော ကယ်ကွတ်မြို့အနီးမှ ဖြစ်ရပ်နှစ်ခုကို စုံစမ်းစစ်ဆေးနေသည်ဟု အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ပြောဆိုသည်။

**ပစ်သတ်**

ဖြစ်ရပ်တစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ကယ်ကွတ်မြို့မှအရပ်သားလေးဦးကို ဗုဒ္ဓဟူးနေ့က ပစ်သတ်မှုဖြစ်သည်ဟု အီရတ်တို့က ပြောဆိုသည်။

အခြားဖြစ်ရပ်တွင် အီရတ်ခုခံတိုက်ခိုက်သူများကို ဖမ်းဆီးရန်ဖေဖော်ဝါရီ ၂၇ ရက်က အမေရိကန်စစ်ဆင်ရေးပြုလုပ်စဉ် အီရတ်အမျိုးသားတစ်ဦး သေဆုံးသွားသည်ဟု သိရသည်။

**သတ်ဖြတ်**

အဆိုပါ ဖြစ်ရပ်နှစ်ခုစလုံးတွင် အမှတ်(၂၅) ခြေလျင်တပ်မမှ အမေရိကန်တပ်ဖွဲ့ဝင်များပါဝင်သည်။ ကယ်ကွတ်မြို့အနီး ဖေဖော်ဝါရီ ၁၈ ရက်က အီရတ်မိန်းကလေးတစ်ဦး သေဆုံးပြီးနောက် ယင်းသို့ ထိုမြို့ဝန်းကျင်တွင် သတ်ဖြတ်မှုများ ဖြစ်ပွားခြင်းဖြစ်သည်။

***အင်တာနက်။***

**နိုင်ငံတကာ သတင်းများ**

# အိမ်ဖြူတော်က ထောက်လှမ်းရေးသတင်းများကို လိုရာဆွဲသုံးခဲ့မှု စီအိုင်အေ ညွှန်မှူးကို အထက်လွှတ်တော်ကော်မတီက စုံစမ်းမေးမြန်း

ဝါရှင်တန် မတ် ၅

**အထက်လွှတ်တော် ဒီမိုကရက်တစ်အမတ် အက်ဒဝပ်ကနေဒီက အမေရိကန် စီအိုင်အေညွှန်ကြားရေးမှူး ဂျော့တင်းနက်ကို အီရတ်သို့ စစ်တိုက်ခဲ့ရသည့် အကြောင်းပြချက်နှင့် ပတ်သက်၍ ရိုးရိုးရှင်းရှင်း ဖြေကြားပေးရန် တောင်းဆိုခဲ့သည်။ အိမ်ဖြူက ထောက်လှမ်းရေး အစီရင်ခံစာကို ပြုပြင်ခဲ့သည်၊ သို့မဟုတ် လိုရာစွဲသုံးခဲ့သည်ဟု ဂျော့တင်းနက်အနေဖြင့် ထင်မြင်ပါသလောဟူသည့် အမေးကို အဖြေပေးရန် တောင်းဆိုထားခြင်းဖြစ်သည်။**

ထို့အပြင် အမေရိကန် ထောက်လှမ်းရေးဌာနအနေဖြင့် အီရတ်နိုင်ငံသည် လတ်တလော အန္တရာယ်ပေးနိုင်သော အနေအထားမရှိဟူသည့် အချက်ကို အဘယ်ကြောင့် အသိမပေးဘဲ ထားခဲ့သနည်း၊ ယခုကာလ အီရတ်စစ်ပွဲ ဖြစ်ပွားအပြီး တစ်နှစ်နီးပါး အချိန်ကြာမှ အီရတ်က ရုတ်တရက် အန္တရာယ်မပေးနိုင်ကြောင်း အဘယ်ကြောင့် ထုတ်ဖော်ပြောခဲ့ရပါသနည်း ဟူသော အဖြေကိုလည်း တင်းနက်ထံမှ ရယူလိုသည်ဟု သိရသည်။

**တက်ကြွစွာပါဝင်**

အထက်လွှတ်တော်အမတ်ဂျွန်ကယ်ရီသည် အက်ဒဝပ်ကနေဒီ နည်းတူ မက်ဆာချူးဆက်ပြည်နယ်မှ အမတ်တစ်ဦးဖြစ်သည်။ အက်ဒဝပ် ကနေဒီသည် အမတ်ဂျွန်ကယ်ရီ၏ ယခုနှစ် သမ္မတမဲဆွယ်ပွဲတွင် အရေးပါသော အနေအထားမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ရင်ဆိုင်နေရ**

ထို့အပြင် ရီပတ်ဗလီကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်အနေဖြင့် အီရတ်စစ်ပွဲကို အမှန်အန္တရာယ်ရှိသည်ထက် ချဲ့ကား ခြောက်လှန့်ထားသော လှန့်လုံး ကို အကြောင်းပြု၍ ဆင်နွှဲကာ နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးပမ်းသည်ဟူသော အခြေအနေများပေါ်လာစေရန် တစ်စစီဆွဲ၍ ဖော်ထုတ်ရန် လုံးပန်းသည့် အဖြစ်များကို ရင်ဆိုင်နေရသည်ဟု ဆိုသည်။

ယခုကိစ္စသည် အစိုးရကို သူတို့ပြောခဲ့၊ ဆိုခဲ့သော စကားလုံးများကိုပင် ပြန်လည်သုံးစွဲပြီး စွဲချက်တင်ရမည့် အခြေအနေမျိုးပင် ဖြစ်ကြောင်း ကနေဒီက ပြောကြားသွားသည်။

အီရတ်စစ်ပွဲ မဖြစ်ပွားမီက အမေရိကန် သမ္မတဘုရှ်၊ ဒုတိယသမ္မတ ဒစ်ချေနီနှင့် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်တို့သည် အီရတ်နိုင်ငံနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် စွပ်စွဲပြောကြားခဲ့သော စကားများ ရှိသည်။

**စွပ်စွဲ**

အမေရိကန်သမ္မတက အီရတ်နိုင်ငံ၏ အခြေအနေသည် အလွန်ထူးခြားသော အရေးပေါ် ဆောင်ရွက်ရမည့် အန္တရာယ်များရှိနေကြောင်း ပြောကြားခဲ့သည်။ ဒုတိယသမ္မတကလည်း အီရတ်နိုင်ငံသည် အဏုမြူလက်နက်များ ပိုင်ဆိုင်နိုင်အောင် ကြိုးပမ်းအားထုတ်နေသည်ဟု စွပ်စွဲခဲ့သည်။ ထို့အတူပင် အမေရိကန်ကာကွယ်ရေးဝန်ကြီးက အီရတ်၏ တရားမဝင်လက်နက်များနှင့် ပတ်သက်၍ ပြောကြားရာ၌ မိမိတို့သည် ထိုလက်နက်များ မည်သည့်နေရာတွင် ရှိနေသည်ကို သိရှိထားသည်။ သွားရောက်ဖော်ထုတ်ရန်သာ ကျန်ပါသည်ဟု ပြောကြားခဲ့ဖူးသည်။

စီအိုင်အေ ညွှန်ကြားရေးမှူးသည် စစ်မဖြစ်မီကာလက အမေရိကန်သမ္မတ၊ အမေရိကန်ဒုတိယသမ္မတနှင့်ကာကွယ်ရေးဝန်ကြီးတို့ကို အဘယ်ကြောင့် အခြေအနေ အမှန်ကို အသိပေးပြီး လမ်းမှန်သို့ရောက်အောင် တည့်မတ်မပေးပါသနည်း။

**မေးခွန်းထုတ်**

ထိုအချိန်ကသာ အမှန်တရားကို ရောက်အောင် တည့်မတ်ပေးနိုင်ခဲ့လျှင် တိုက်ခိုက်ရန် လိုအပ်မည်မဟုတ်သော အီရတ်စစ်ပွဲကို ဟန့်တားနိုင်မည့်အပြင် မလိုအပ်သော အသက်သေဆုံးမှုများကိုလည်း တားဆီးနိုင်မည် မဟုတ်ပါလောဟု ကနေဒီက မေးခွန်းထုတ်ခဲ့သည်။

ကနေဒီသည် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ထိုကော်မတီသည် လာမည့် သီတင်းပတ်တွင် စီအိုင်အေညွှန်ကြားရေးမှူးကို ခေါ်ယူစစ်ဆေးသွားမည်ဖြစ်သည်ဟု သိရသည်။

အကယ်၍သာ တင်းနက်က အမေရိကန်အစိုးရသည် ထောက်လှမ်းရေးသတင်းများကို ပြုပြင်ခဲ့သည်၊သို့မဟုတ် ထောက်လှမ်းရေးသတင်းကို လျစ်လျူရှုပြီး ပြည်ပရောက် အီရတ်များထံမှ ရသော မရေရာသည့် သတင်းများ အပေါ် အခြေခံ၍ လှုပ်ရှားဆောင်ရွက်ခဲ့သည်ဟု ယူဆထားပါက ၎င်း၏ ထင်မြင်ချက်ကို ရိုးရိုးရှင်းရှင်းပင် ပြောပြနိုင်ပါသည်ဟု ကနေဒီက ဆိုသည်။

အထက်ပါကိစ္စကို ပြောကြားရာ၌ ကနေဒီက တင်းနက်၏ ပြောကြားချက် အဟောင်းတစ်ခုကို ထောက်ပြ ပြောဆိုခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သောလက တင်းနက်သည် စကားပြောကြားခဲ့ရာ၌ အီရတ်ကို စစ်ဆင်တိုက်ခိုက်ခဲ့သော ကိစ္စတွင် ၎င်းအနေဖြင့် ပတ်သက်ခြင်း မရှိသကဲ့သို့ ခပ်ရှောင်ရှောင် ပြောကြားခဲ့သည်။

***အင်တာနက်။***



**ကြွေးကြော်သံများ ဟစ်ကြွေး**

**မတ် ၅ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်အုပ်ချုပ်ရေးဆိုင်ရာ အမေရိကန်၏အစီအစဉ် ဘုရှ်ပြန်လည်အရွေးခံရရေးအတွက် ရည်ရွယ်ဟု ဝေဖန်

ဝါရှင်တန် မတ် ၆

**အီရတ်နိုင်ငံတွင် နိုင်ငံရေးအရ အုပ်ချုပ်မှုလွှဲပြောင်းပေးရေးနှင့် စပ်လျဉ်းသည့် အမေရိကန်အစိုးရ၏ တင်းကျပ်သော အချိန်သတ်မှတ်ချက်ကို စိတ်ပျက်လက်ပျက် ဖြစ်နေကြသည့် လွှတ်တော်အမတ် ဦးရေမှာ တိုးပွားလျက်ရှိနေသည်။ ရီပတ်ဘလီကင် အမတ်များကသည်ပင်လျှင် အီရတ်နိုင်ငံတွင် မည်သူအုပ်ချုပ်မည်နည်း၊ အီရတ်နိုင်ငံသူ၊ နိုင်ငံသားများကိုယ်တိုင် ပါဝင်အုပ်ချုပ်နိုင်မည်လော စသည်ဖြင့် မေးခွန်းထုတ်လျက်နေကြသည်။**

အင်္ဂါနေ့က ဗုံးဖောက်ခွဲမှုသည် အဆိုးရွားဆုံးသော ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ပြီး အီရတ်ပြည်သူလူထုအတွင်း စိုးရိမ်သောကရောက်မှုများ မြင့်မားလျက်ရှိသည်။ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးပြဿနာမှာ ခက်ခဲနက်နဲပြီး ဦးနှောက်ခြောက်စရာ ပြဿနာ မဟုတ်ကြောင်း၊ အီရတ်ပြည်သူလူထု တစ်ရပ်လုံးက ၎င်းတို့၏ အစိုးရအား မထောက်ခံပါက နောက်ထပ်ကြီးမားသည့် ဖရိုဖရဲဖြစ်စဉ်ကြီး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း မီချီဂန်ပြည်နယ် အထက်လွှတ်တော် ဒီမိုကရက်တစ်အမတ် ကားလ်လီဗင်က ပြောကြားသည်။

ယင်းအာဏာလွှဲပြောင်းရေး ကိစ္စသည် ပစ်မှတ်တစ်ခုထိရန် ခက်ခဲသလိုပင် ဖြစ်ဖွယ်ရှိကြောင်း အောက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီအဖွဲ့ဝင် ကိုလိုရာဒိုပြည်နယ်မှ ဟက်ဖ်လေက ပြောကြားသည်။

အချိန်ဇယား သတ်မှတ်ချက်သည် လက်တွေ့မကျဟု မိမိယုံကြည်ထားကြောင်းဖြင့် မစ်ဆူရီပြည်နယ်မှ ဒီမိုကရက်တစ်အမတ် အိုက်စကယ်လတန်က ပြောကြားသည်။

အချုပ်အခြာအာဏာ လွှဲပြောင်းရေး အမေရိကန်အစီအစဉ်သည် အီရတ်ပြည်သူလူထုကိုကူညီလိုသည့်ရည်ရွယ်ချက်ထက် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင်သမ္မတဘုရှ်ပြန်လည်အရွေးခံရရေးအတွက် လိုက်လျောညီထွေ ပြုလုပ်ထားသည့် အစီအစဉ်ဖြစ်ကြောင်း ဝေဖန်သူများက စွပ်စွဲပြောကြားကြသည်။

နိုဝင်ဘာ ရွေးကောက်ပွဲ မတိုင်မီစောစောပိုင်းကာလတွင် အီရတ်နိုင်ငံနှင့် ပတ်သက်သည့် အမေရိကန်ပြည်ထောင်စု၏ အမြင်ကို သေးသိမ်အောင် ပြုလုပ်ခြင်းသာ တိုးတက်မှုဟု မြင်တွေ့နိုင်ပြီး အီရတ်စစ်ပွဲအား မဲဆွယ်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် အသုံးချရာတွင် ထိပါးလာနိုင်သည်။ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ ၅၄၀ကျော်ရှိပြီး အီရတ်စစ်စရိတ်သည် အမေရိကန်ဒေါ်လာ ဘီလျံ၁၀၀ ရှိနေပြီဖြစ်သည်။ ယင်းကြောင့် အမေရိကန်မဲဆန္ဒရှင်များ အနေဖြင့် ဘတ်ဂျက်လိုငွေပြမှုပြဿနာနှင့် ရင်ဆိုင်နေရကာ လူတိုင်းအတွက် စိတ်ခုစရာကောင်းသည့် ပြဿနာအဖြစ် ပေါ်ပေါက်လျက်ရှိသည်။ လွှဲပြောင်းရေးပြီးစီးပါက အီရတ်နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ပိုမိုဆိုးရွားစွာ ပေါ်ပေါက်လာနိုင်ပြီး သမ္မတဘုရှ်အား နိုင်ငံရေးအရ ထိခိုက်နစ်နာစေနိုင်သည်။

***အင်တာနက်။***



**သယ်ဆောင်**

**မတ် ၂ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရသူ အီရတ်တစ်ဦးကို သယ်ဆောင်လာစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီဂျစ်ဘုရင်တစ်ပါး၏ အမည်ကမ္ပည်းတိုင် သဲကန္တာရအတွင်းမှတွေ့ရှိ

ကိုင်ရို မတ် ၄

**အစောဆုံး ရှေးအီဂျစ်ဘုရင်များသည် ၎င်းတို့၏ အင်အားအခြေခံရာ ဒေသဖြစ်သော နိုင်းမြစ်ဝှမ်းမှ မိုင်၁၂၀အကွာနေရာရှိ အနောက်ပိုင်း သဲကန္တာရဒေသသို့တိုင်အောင် ဩဇာအာဏာလွှမ်းခဲ့သည်ဆိုသည့် ပထမဦးဆုံး အထောက်အထားကို အီဂျစ်ဆိုင်ရာရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက တွေ့ရှိခဲ့သည်။**

**သဲကန္တာရအတွင်းရှိ ခါဂါအိုအေစစ်နေရာ၌ ထိုးထိုးထောင်ထောင် ထွက်နေသော ကျောက်စွန်းတစ်ခုတွင် ဘီစီ-၃၀၀၀ ကာလ မတိုင်မီက အုပ်စိုးခဲ့သော အီဂျစ်ဘုရင်တစ်ပါး၏ အမည်ရေးထိုးထားသည်ကို သုတေသီ စာလီမာအက်ရမ်နှင့် သူမ၏အဖွဲ့က တွေ့ရှိခဲ့သည်။ သူမမှာ ကိုင်ရိုမြို့ရှိ အမေရိကန်တက္ကသိုလ်မှဖြစ်သည်။ ၎င်းတို့တွေ့ရှိခဲ့သော ဘုရင်၏အမည်မှာ ယခင်က မသိခဲ့ဖူးသေးသော အမည်တစ်ခုဖြစ်သည်ဟုဆိုသည်။** *အမ်အင်အေ၊ရိုက်တာ။*

## နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

**ရန်ကုန် မတ် ၇**

ရန်ကုန်မြို့ သဇင်ရေကျော်ကျောင်းတိုက် ကမ္ဘာ့ဗုဒ္ဓသာသနာပြု နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ကောလိတ(အန္တိုင်းမဲ့ရတနာ) အရှင်သူမြတ်သည် ကျောက်တန်းမြို့နယ် ဓနိဖြူပင် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် မတ် ၁၆ ရက်မှ ၂၂ ရက်အထိ သစ္စာလေးပါးနိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။ (က-ပ)

## ခြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

## ကျန်းမာရေးနှင့်အစားအစာ

**မန်းခင်ခင်**

ရှေးယခင်က အဖြစ်နည်းခဲ့သော ရောဂါများဖြစ်သည့် လေငန်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးချိုရောဂါနှင့် မျက်စိတိမ်စွဲသည့်ရောဂါ စသည်တို့သည် ယခုအခါပို၍အဖြစ်များလာပါသည်။ အဘယ်ကြောင့်နည်းဟု အဖြေရှာကြည့်မိပါသည်။

အဆိုပါရောဂါများသည် များသောအားဖြင့် အစားအသောက်များမှတစ်ဆင့် ရရှိသောရောဂါများ ဖြစ်ကြသည်။ ပင်ကိုကအားနည်း၍ ချို့ယွင်း၍ ရောဂါဖြစ်သည်မှာ အလွန်နည်းပါးပါသည်။ အစားအစာကို အချိန်နှင့်စားခြင်း၊ ရာသီဥတုအလိုက် စားတတ်ခြင်း၊ မိမိနှင့်သင့်လျော်သည်ကိုသာ စားခြင်း၊ ဖန်၊ ချဉ်၊ ငန်များသော၊ အဆီများသော အစားအစာများကို မစားဘဲ အစာလည်းဆေး ဆေးလည်းအစာဆိုသလို စားသောက်နေထိုင်တတ်ပါမှ ကျန်းမာရေးအရ ကောင်းမွန်သင့်တော်ပါမည်။ ရာသီဥတု ပူပြင်းသောအခါမှာလည်း အေးမြသည့် နေရာတွင် နေထိုင်ခြင်း၊ ကျန်းမာရေး အတွက် သင့်တော်သော အဝတ်အထည်ကို ဝတ်ဆင်ခြင်းနှင့် ရာသီအလိုက်ပေါ်သော သီးနှံများကို စားသုံးခြင်းတို့က ကျန်းမာရေးကို အထောက်အကူပြုပါသည်။

ကျွန်မတို့အိမ်ရှင်မများသည် ရာသီအလိုက်သင့်လျော်သည့် အစားအစာများကို ချက်ပြုတ်တတ်ရပါမည်။ အိမ်ထောင်စု တော်တော်များများသည် အခါးပါသော ဟင်းကြွေးဟင်းရံများကို ချက်ပြုတ်စားသုံးမှု အားနည်းလေ့ရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်တွင်းဝယ် အချိုဓာတ်လွန်ကဲ၍ ရောဂါဖြစ်ပွားလေ့ရှိကြပါသည်။

တစ်ပတ်လျှင် နှစ်ရက် သုံးရက်လောက် အခါးဓာတ်ပါသော ကြက်ဟင်းခါးသီး၊ ကြောင်ရှာသီး၊ တမာနှင့်ငွေးတောက်ရွက်စသည်တို့ကို သင့်တော်သလိုစားပါက သွေးများ သန့်စင်သည့်အတွက် ရောဂါနည်းမည်။ အခါးသည် သွေးကို ကြည်စေပါသည်။

အစာလည်းဆေး ဆေးလည်းအစာ ဆိုသလို စားသောက်တတ်ပါက ပို၍ကောင်းပါသည်။ အာဟာရဖြစ်ရန် ပုံမှန်စားတတ်ဖို့လိုပါသည်။ စားသင့်သည့်အစာကို စားရပါသည်။ အစားလျှော့လွန်းလျှင်လည်း အာဟာရချို့တဲ့တတ်ပြီး ရောဂါရသည်။ စားလွန်းပြန်လျှင်လည်း ရောဂါဖြစ်တတ်ပါသည်။

အိမ်ရှင်မများအနေဖြင့် ရာသီဥတုနှင့် အချိန်အခါကိုကြည့်ပြီး အစားအသောက်ကို ချက်တတ်ရပါမည်။ ရာသီဥတုအေးလျှင် ပူနွေးသောအစားအစာကို စားရမည်၊ ရာသီဥတုပူသည့်အခါ အေးသောအစားအစာကို စားတတ်ရပါမည်။ ကျွန်မတို့အမျိုးသမီးများသည် အသားဟင်းချက်ရာတွင် မဆလာကို အများဆုံးသုံးကြသည်။ မိုးတွင်းတွင် မဆလာအစား ပျဉ်းတော်သိမ်ရွက်နှင့် ပင်စိမ်းသုံးပါက ပို၍သင့်တော်ပါသည်။

ပျဉ်းတော်သိမ်သည် အဆိပ်အတောက်ကို ပြေစေသည့်အတွက် ကန်စွန်းရွက်နှင့်မခြားပါ။သို့သော် ပျဉ်းတော်သိမ်ရွက်သည် ဝမ်းတွင်းကိုနွေးစေသည်။ တစ်ချို့သောအိမ်များတွင် အချိုမှုန့်ကို အလွန်အမင်းသုံးစွဲနေကြဆဲဖြစ်သည်။ ဒါတွင်မက သကြားကိုပါထည့်၍ ချက်စားကြသည်။ ထို့အတွက်ကြောင့် သွေးချို၊ဆီးချိုရောဂါများ ဖြစ်ကြရသည်။

သဘာဝ၏ပူခြင်း၊ အေးခြင်းကို အဝတ်အထည်များဖြင့် ကာကွယ်တတ်ဖို့လိုပါသည်။ အစားအသောက်ဖြင့်လည်း ကာကွယ်တတ်ဖို့လိုပါသည်။ နွေထနောင်း-ဆောင်းမန်ကျည်းဆိုသလို နေထိုင်တတ်ဖို့လိုပါသည်။ ထိုနည်းဖြင့် ကျန်းမာပြီး အသက်ရှည်အောင် ဆောင်ရွက်လို့ရပါသည်။ ရေကိုလည်း သဘာဝရေကို အေးစေသော ရေအိုးတွင်ထည့်၍ သောက်ရန်လိုအပ်ပါသည်။ မြေအိုးထဲမှ ရေသည် ကျန်းမာရေးကို အထောက်အကူပြုပါသည်။ သဘာဝမှရရှိသော အစားအစာကို စနစ်တကျသုံးဆောင်ပါက အန္တရာယ်ကင်းပါသည်။

တကယ်တော့ သဘာဝက ပေးထားသည့် အစားအစာများကိုသာစားသုံးပြီး ရာသီအလိုက် အဝတ်အထည်များကို ဝတ်ဆင်သွားလျှင် ငွေကြေးကုန်ကျမှုလည်း သက်သာ၊ ကျန်းမာရေးလည်း ကောင်းမွန်နေပါမည်။ သဘာဝနည်းအတိုင်း စိုက်ပျိုးထားသည့် အာဟာရပြည့်ဝသော အသီးအနှံများ၊ လတ်ဆတ်သော သားငါးများကို သင့်တင့်မျှတစွာ စားသုံးခြင်းဖြင့် မိမိ ကျန်းမာရေးကို တည်ဆောက်နိုင်ခြင်းသည် အကောင်းဆုံးသော စောင့်ထိန်းမှုတစ်ခုပင်ဖြစ်ပါသည်။

ထို့အပြင် ပုံမှန်လမ်းလျှောက်ခြင်း၊ မိမိနှင့် လိုက်ဖက်သော ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ပါက ပို၍ပင်ကောင်းမွန်ပါသည်။

အရာရာတွင် ဉာဏ်နှင့်ယှဉ်၍ သတိထားဆင်ခြင်နေထိုင်သွားလာ စားသောက်နိုင်သည်နှင့်အမျှ ရောဂါကင်း၍ ကျန်းမာနိုင်ပါမည်။ ကျွန်မတို့ငယ်စဉ်က တွေ့ဖူးသည့်လူကြီးများသည် ကျန်းမာရေး အလွန်ကောင်းကြပါသည်။ ထိုလူကြီးများသည် အစားကိုပုံမှန်စားသည်။ ပုံမှန်အိပ်သည်။ နေ့လယ်နေ့ခင်းတွင်လည်း တရေးတမောနားသည်။ အလုပ်ကို အချိန်နှင့်လုပ်ကြသည်။ ပဲ၊ ငါးပိ၊ အသီးအနှံများ၊ ငါးနှင့်အသားများကို သင့်တင့်မျှတစွာ စားကြသည်။ အဆီအလွန်များသော ဘဲသား၊ ဝက်သားတို့ကို စားကြသော်လည်း ဝက်သား၊ ဘဲသားတို့၏ဓာတ်သဘောကို ချေပနိုင်သော၊ အဆီကိုပြေစေသော သရက်ချဉ်၊ ငရုတ်သီး၊ ငရုတ်ကောင်းတို့ကို တွဲဖက်စားသုံး၍ လည်းကောင်း၊ ရှောက်သီး၊ သံပရာရည်များကို သောက်သုံး၍လည်းကောင်း ဘေးမဖြစ်အောင် လုပ်ဆောင်လေ့ရှိကြောင်း တွေ့မြင်ခဲ့ရပါသည်။ ကျွန်မတို့ ဘကြီးတွေဆိုလျှင် နံနက်တိုင်း ပုံမှန်ထမင်းရည်သောက်ပြီး လမ်းလျှောက်ခြင်းနည်းများဖြင့် ကျန်းမာရေး တည်ဆောက်ခဲ့ပါသည်။

ယခုခေတ် ရောဂါများထွေပြားလာသည်မှာ အစားအသောက်က အများဆုံးရောဂါပေးနေခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် လွန်ကဲသောအရာမှန်သမျှကို ရှောင်ရှားသင့်ပါသည်။

လူ၏ခန္ဓာအတွင်းသို့ အာဟာရကို ဉာဏ်နှင့်ယှဉ်၍ အားဖြည့်ကျွေးမွေးလျှင် သွေးလှည့်ပတ်မှု အနေမှန်၍ လေလျှောက်လည်း မှန်ကန်မျှတပါမည်။ ဥတုရာသီအလိုက် ချင့်ချိန်နေထိုင်ပြီး စိတ်အေးချမ်းသာရှိနေပါလျှင် အသက်ရှည်ပြီး ကံအကြောင်းလှပါလိမ့်မည်။ တစ်ဦးချင်းအတွက် ငွေကုန်လည်းသက်သာပြီး မိသားစုအတွက်လည်း စီးပွားတက်ပါမည်။ သို့မှသာ အများအကျိုး ပို၍ တိုး၍၊ ကြိုးစား၍ အလုပ်လုပ်နိုင်ပြီး မိသားစုတွင်း စိတ်ချမ်းသာကြမည်ဖြစ်ပါကြောင်း စေတနာဆေး မေတ္တာတရားဖြင့် အကြံကောင်းပါးလိုက်ရပါသည်။ ။

## (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။




## စစ်ကြောင်းကြီးများ တည်းခိုရာစခန်း အသီးသီး၌ အငြိမ့်၊ စင်တင်တေးနှင့် ရုပ်ရှင်များဖြင့် ဖျော်ဖြေ

ရန်ကုန် မတ် ၇

**(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများတည်းခိုရာ စခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၊ မြဝတီ စင်တင်တေးဂီတအဖွဲ့၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇နာရီတွင် ဖျော်ဖြေကြသည်။**

ထိုသို့ဖျော်ဖြေရာတွင်ဇရာဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မြဝတီစင်တင်တေးဂီတအဖွဲ့နှင့်အတူ စတီရီယို တေးသံရှင်များကလည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ဖျော်ဖြေရေးအဖွဲ့က အငြိမ့်၊အဆို၊အက၊ ဟာသများဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ အဖွဲ့ငယ်က အဆို၊အက၊အငြိမ့်၊ဟာသများဖြင့်လည်းကောင်း၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိအနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ မြန်မာ့ရုပ်ရှင် လုပ်ငန်း (မော်ကွန်းရုပ်ရှင်)မှ “မောင့်မူပိုင်ရှင်”မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၈-၃-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** Graphical presentation (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၅ ၁၇။ မြန်မာ့လက်သီး
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မြင့်မြတ်နှလုံးသား” ဇာတ်သိမ်းပိုင်း (အပိုင်း-၂)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သစ္စာမဏ္ဍိုင်” (အပိုင်း-၁၈)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

## (၁၀) ရက်တရားစခန်း ဖွင့်မည်

**ရန်ကုန် မတ် ၇**

မော်လမြိုင်မြို့ ချေးကြီ ဒေါင်းဇရပ် ဗောဓိအောင်မြေ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကန္ဒီရွှေသိမ်တော်တောရဆရာတော်၏ ဥပနိဿယအတိုင်း သံသာရမဂ္ဂပါရဂူစာတမ်းနှင့် ပဋိသန္ဓာရ အနုပါဒိသေသနိဗ္ဗာနကျမ်းပြုဆရာတော် အရှင်မဟာထေရတိဿ၏ တပည့်ဖြစ်သော ပါဠိ၊ မြန်မာ ငါးဘာသာဂုဏ်ထူးအောင်၊ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ(နိကာယပါရဂူ) ပခုက္ကူ အရှင်ဝိစာရက ဧပြီ ၉ရက်မှ ၁၈ရက်အထိ ၁၀ ရက်တရားစခန်း ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် မောင်ငံ(၂၈)အိမ်ရပ် ဒေါက်တာစံဖေ(အေးချမ်းမြဆေးကုခန်း ဖုန်း-၀၅၇-၂၂၃၅၂)နှင့် ဗောဓိအောင်မြေ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် ချေးကြီ ဒေါင်းဇရပ် မော်လမြိုင်မြို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## သီတဂူဆရာတော်တရားပွဲကျင်းပမည်

**ရန်ကုန် မတ် ၇**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ တရားပွဲကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (မတ် ၈ ရက်) တနင်္လာနေ့ ည၇နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာ ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

## စက်မှုစွမ်းအား ခေတ်ကျော်လွှား



ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဂျပန်နိုင်ငံမှ Nissho Iwai Corporation ဥက္ကဋ္ဌ (President & CEO)Mr.Hidetoshi Nishimura နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ နစ်ရှိုအီဝိုင်းကော်ပိုရေးရှင်း ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂျပန်နိုင်ငံမှ** Nissho Iwai Corporation **ဥက္ကဋ္ဌ** (President & CEO)Mr.Hidetoshi Nishimura **နှင့်အဖွဲ့အား ယနေ့ညနေ၄နာရီ၄၅မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံမှ Nissho Iwai Corporation ဥက္ကဋ္ဌ (President & CEO) Mr.Hidetoshi Nishimura နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)



## လက်ခံတွေ့ဆုံ

**ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွား လုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး** Mr. Sontaya Kunplome **နှင့် အဖွဲ့အား မတ် ၇ရက်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်း–ကျော်ဖုံး)
(သတင်းစဉ်)



## ဝံသာနုသတင်းလွှာ ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မတ် ၇**

နိုင်ငံတော်တွင် အရှည်လျားဆုံးသော ပြည်ထောင်စု တံတားကြီးဖြစ်သည့် သံလွင်တံတား (မော်လမြိုင်)၏ တည်ဆောက်ပြီးစီးမှု မှတ်တမ်းများကို ပုံရိပ်ထင်ထားသည့် မျက်နှာဖုံးဖြင့် ဝံသာနု သတင်းလွှာ၊ အတွဲ (၁၃) အမှတ်(၅)ကို ထုတ်ဝေထားသည်။ **(ယာပုံ)**

ဝံသာနု သတင်းလွှာတွင် သတင်းမဟုတ်တဲ့ အတင်းအဖျင်း လုပ်ကြံမှုဆောင်းပါးနှင့်အတူ ရောဝတီကျောက်လွှာစုထဲမှ ရှေးဦးဆင်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်း၊ မန္တလေးမှ ဆင်ဆာမဲ့ဗီစီဒီခေတ်ပြားများ၊ ဗီစီဒီ ခိုးကူးခွေရောင်းချသူများ ရှာဖွေဖမ်းဆီး၊ မီးရထားလမ်းပေါ်မှ စည်းကမ်းပျက် ဈေးသည်များ၊ မုံရွာတွင် ဖမ်းဆီးလိုက်သော လူမှောင်ခိုပွဲစားများ၊ လှိုင်မြို့နယ်နှင့် လှည်းကူးမြို့နယ်များမှ တရားမဝင် သိုလှောင်ထားသော ကျွန်းသစ်ခွဲသားများ ဖမ်းဆီးမိ အပါအဝင် အမေရိကန်နှင့် အပေါင်းအပါတို့ ထိတ်လန့်နေသော အီရတ်မြေပေါ်မှ အသေခံဗုံးခွဲ တိုက်ခိုက်မှုများ၊ ဗန်ကောက်မှာဖမ်းမိတဲ့ နိုင်ငံခြားသားလူလည်များ၊ အမေရိကန်စစ်ယာဉ်တန်း အတိုက်ခံရ၊ အမေရိကန်လက်ဇော့ကျော်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မွေထိုင်းလက်ဝှေ့ချန်ပီယံ ထိုင်းအမျိုးသမီး၊ လူတူမရှားကမ္ဘာကျော်များ၊ ဆက်ဒမ်ဟူစိန် မူးယစ်ဆေးဝါး သုံးစွဲသည်ဟုဆို၊ (၇၆)ကြိမ်မြောက်အော်စကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲ စသော ပြည်တွင်း၊ ပြည်ပ၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအနုပညာ သတင်းရသများကို ပြည့်ပြည့်ဝဝ ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိသည်။ (က–ပ)



## ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း ဗီယက်နမ်နိုင်ငံမှပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၇**

ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် မတ်၄ရက်မှ ၇ရက်အထိ ကျင်းပသည့် ဂျီအမ်အက်စ်ကုန်စည်ပြပွဲ ၂၀၀၄ ဖွင့်ပွဲ၊ မဟာမဲခေါင်ဒေသခွဲဆိုင်ရာ စီးပွားရေးဖိုရမ် အမှုဆောင်အဖွဲ့ဝင်များ အစည်းအဝေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေးညီလာခံများသို့ တက်ရောက်ခဲ့သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင် တည်ထား ကိုးကွယ်တော်မူသော ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)



**ရောင်တော်ဖွင့်ပူဇော်**

**ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တ ပညာဒီပ ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မန္တလေး မဟာမုနိ ပုံတော်ပွား ဂန္ဓကုဋိတိုက်အတွင်းရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်၏ ကိုယ်ပွားဆင်းတုတော်အား ရောင်တော်ဖွင့် ပူဇော်စဉ်။** (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ဘုရားဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို ကြသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာ ကုမ္ပဏီလီမိတက်၏ ခန်းမ၌ ကျင်းပရာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များအား ရည်မှန်း၍ ရွှေတိဂုံစေတီတော် ပုံတော်ပွားစေတီ၏ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်နှင့် ကျိုက်ထီးဆောင်း ဆရာတော်တို့အား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဘုရားဒါယကာ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေ ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက ဓာတ်ပေါင်းစုံ စေတီတော်များအား ရည်မှန်း၍ ဓာတ်ပေါင်းစုံ စေတီတော်များ၏ ရတနာစိန်ဖူးတော်များနှင့် ငှက်မြတ်နားတော်များကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဒါယကာ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေက ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များ တည်ထားကိုးကွယ်ရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

**အမျှပေးဝေ**

ယင်းနောက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များ၏ ပရိဝုဏ်အတွင်း ဗန္ဓုရသရက်ပင်ကို စိုက်ပျိုးလှူဒါန်းပေးစဉ်။** (သတင်းစဉ်)

ထို့နောက် ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ရွှေတိဂုံစေတီတော် ပုံတော်ပွားစေတီ၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဘုရားဒါယကာ၊ ဒါယိကာမများက ဓာတ်ပေါင်းစုံစေတီတော်များ၏ ရတနာစိန်ဖူးတော်များ၊ ငှက်မြတ်နားတော်များနှင့် ရွှေထီးတော်တို့ကိုလည်းကောင်း ခန်းမအတွင်းမှ ပင့်ဆောင်ကြပြီး ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များအား လက်ယာရစ် လှည့်လည် အပူဇော်ခံသည်။

**တင်လှူပူဇော်**

ဆက်လက်၍ ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ရွှေတိဂုံ စေတီတော် ပုံတော်ပွားစေတီတော်၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော် ငြမ်းအထက်သို့ ပင့်ဆောင်ကြပြီး မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့က ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော် အထွတ်သို့ တင်လှူပူဇော်ကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်း ပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် မန္တလေး မဟာမုနိပုံတော်ပွား စေတီတော်၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူး တော်တို့ကို စေတီတော်အထွတ်သို့ လည်းကောင်း၊ ကေလာသဆံတော်ရှင် ပုံတော်ပွားစေတီတော်၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ လည်းကောင်း တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား အမှူးထား၍ တပ်မတော်ထောက်လှမ်းရေး မိသားစုများက စုပေါင်းလှူဒါန်းသည့် ပုဂံဓမ္မရာဇက ပုံတော်ပွားစေတီတော်၏ ရွှေထီး



တော် ဘုံဆင့်များနှင့်၊ ...
နားတော်နှင့် ရတနာစိန်ဖူး...
စေတီတော်အထွတ်သို့ လည်း...
ကျိုက်ထီးရိုးဆံတော်ရှင် ပုံ...
စေတီတော်၏ ရွှေထီးတော်၊ ...
နားတော်နှင့် ရတနာစိန်ဖူး...
စေတီတော်အထွတ်သို့ လည်း...
တင်လှူပူဇော်ကြပြီး အမွှေးနံ့...
များ ပက်ဖျန်းပူဇော်ကြသ...

ယင်းနောက် ကျိုက်ထီး...
ဆရာတော်နှင့် နိုင်ငံတော်ဝ...

**ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇမ္ဗူ့ဥသျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ မော်ကွန်းကမ္ပည်းစာကြေးပြားတော်ကို ရတနာရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)





**စီးပွားကူးသန်း ရှေ့သို့လှမ်း**

တော် ဘုံဆင်များနှင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့လည်းကောင်း၊ ကျိုက်ထီးရိုးဆံတော်ရှင် ပုံတော်ပွား စေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့လည်းကောင်း တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ကျိုက်ထီးဆောင်း ဆံတော်ရှင် ပုံတော်ပွား စေတီတော်၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

### သာသနာ့အောင်လံလွှင့်ထူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇမ္ဗူ့ဥဿျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များအား ရွှေထီးတော်များ၊ ငှက်မြတ်နားတော်များနှင့် ရတနာစိန်ဖူးတော်များ တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် သာသနာ့တံခွန်တိုင်၌ သာသနာ့အောင်လံတော်ကို မင်္ဂလာအချိန်တွင် လွှင့်ထူပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။ ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပ ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မန္တလေး မဟာမုနိပုံတော်ပွား ဂန္ဓကုဋိတိုက်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်၏ ကိုယ်ပွားဆင်းတုတော်အား ရောင်တော်ဖွင့် ပူဇော်ပြီး ပန်းနှင့် ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းသည်။



### ရောင်တော်ဖွင့်ပူဇော်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ် ရုပ်ပွားတော်အား လည်းကောင်း၊ ရှင်သီဝလိ ရဟန္တာမထေရ်မြတ်ရုပ်ပွားတော်အား လည်းကောင်း ရောင်တော်ဖွင့်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သတ္တဋ္ဌာန ရုပ်ပွား ဆင်းတုတော်များဖြစ်ကြသည့် ပလ္လင်္ကသတ္တာဟ၊ အနိမိသသတ္တာဟ၊ စင်္ကမသတ္တာဟ၊ ရတနာဃရသတ္တာဟ၊ အဇပါလသတ္တာဟ၊ မုစလိန္ဒသတ္တာဟနှင့် ရာဇာယတနသတ္တာဟ ရုပ်ပွားဆင်းတုတော်များအား ရောင်တော်ဖွင့်ပူဇော်သည်။

### ရွှေမိုးငွေမိုးရွာသွန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဓမ္မာရုံ ကျောင်းဆောင်တော်အထက်ရှိ စေတီတော်အား ဌာပနာတော်များ ထည့်သွင်းပူဇော်ပြီး စေတီတော်၏ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို နံ့သာရည်များ ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်ပြီး ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓမ္မာရုံ ကျောင်းဆောင်တော်၌ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

### ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံဓမ္မရာဇက ပုံတော်ပွား စေတီတော်ရှိ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ဆီမီးပူဇော်၍ ရွှေတိဂုံပုံတော်ပွား စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်ဦးဆောင်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဇမ္ဗူ့ဥဿျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ မော်ကွန်းကမ္ပည်းစာကြေးပြားတော်ကို ရတနာရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထိုအချိန်တွင် သာသနာရေးဦးစီးဌာနမှဦးစီးအရာရှိ ဦးသူရက ဓေယျမင်္ဂလာ အောင်သြဘာစာတမ်းကို ဖတ်ကြားပူဇော်သည်။

### ဗန္ဓုရသရက်ပင်စိုက်ပျိုး

ဆက်လက်၍ ကျိုက်ထီးဆောင်း ဆရာတော် ဦးဆောင်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇမ္ဗူ့ဥဿျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံစေတီတော်များ၏ ပရိဝုဏ်အတွင်း ဗန္ဓုရသရက်ပင်ကို စိုက်ပျိုးလှူဒါန်းပေးပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မင်္ဂလာ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

(သတင်းစဉ်)



## သာသနာ့အောင်လံတော် လွှင့်ထူ

**ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ဇမ္ဗူ့ဥဿျှောင်မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များအား ရွှေထီးတော်များ၊ ငှက်မြတ်နားတော်များ၊ ရတနာစိန်ဖူးတော်များ တင်လှူပူဇော်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် သာသနာ့တံခွန်တိုင်၌ သာသနာ့အောင်လံတော်လွှင့်ထူကြစဉ်။**(သတင်းစဉ်)



**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော် မြို့တော်ဦးတွင် တည်ထား ကိုးကွယ်တော်မူသော ဇမ္ဗူ့ဥဿျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရထံ ရွှေတိဂုံ စေတီတော် ပုံတော်ပွားစေတီ၏ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဓမ္မာရုံကျောင်းဆောင်တော်၌ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# သာသနာ့ဖွံ့ဖြိုး ပြည့်အကျိုး



မတ် ၇ရက်က ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ ကျိုက်ထီးရိုး ဆံတော်ရှင် ပုံတော်ပွား စေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို စေတီတော်၏ အထွတ်တွင် တင်လှူပူဇော်စဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)

## မော်လမြိုင်မြို့ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီး၏ နှစ်“ရာပြည့်” ပူဇော်ပွဲနှင့် အာစရိယပူဇာဓမ္မသဘင်ကျင်းပ

**ရန်ကုန် မတ် ၇**

မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ်ရှိ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီး၏ နှစ်“ရာပြည့်” ပူဇော်ပွဲနှင့် အာစရိယပူဇာဓမ္မသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၉ရက်အထိ ၁၀ ညတိုင်တိုင်ကျင်းပရာ မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံ့စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကြီး၏ ဩဝါဒါစရိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇယာဘိဝံသကလည်းကောင်း၊ ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယ ပါဠိတက္ကသိုလ် နာယကချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသကလည်းကောင်း၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်သစ်ကြီး၏ ဦးစီးပဓာန မဟာနာယကချုပ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသကလည်းကောင်း၊ ဝမ်းတွင်း သဲတောမြို့ မြနှင်းဆီစာသင်တိုက်၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဃောသိတကလည်းကောင်း၊ ဝမ်းတွင်း သဲတောမြို့ စံကျောင်းဆရာတော် ဘဒ္ဒန္တ အာလောကကလည်းကောင်း၊ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရကလည်းကောင်း၊ မော်လမြိုင်မြို့ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နယ်လှည့် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘနက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို အလှည့်ကျ ဟောကြားတော်မူကြသည်။

(သတင်းစဉ်)



မတ် ၇ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ရတနာစိန်ဖူးတော်များ၊ ငှက်မြတ်နားတော်များနှင့် ရွှေထီးတော်တို့ကို ဇမ္ဗူ့ဥသျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များအား လက်ယာရစ်လှည့်လည် အပူဇော်ခံစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

## သင်္ကြန်ခါ ၁၅ရက်စခန်း ဝိပဿနာတရားအားထုတ်ပွဲ

**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ (၂၄)ကြိမ်မြောက် ၁၅ ရက်စခန်း သင်္ကြန်ခါ ဝိပဿနာ အထူးတရားအားထုတ်ပွဲကို ဧပြီ ၃ရက်မှ ဧပြီ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရှင်သာမဏေတစ်ပါးအတွက် သင်္ကန်းပရိက္ခရာအစုံ ကျပ် ၄၀၀၀၊ ရဟန်းတစ်ပါးအတွက် သင်္ကန်းပရိက္ခရာအစုံ ကျပ် ၆၀၀၀၊ အရုဏ်ဆွမ်း တစ်နပ်လှူင် ကျပ် ၃၀၀၀၀၊ နေ့ဆွမ်းတစ်နပ်လှူင် ကျပ် ၆၀၀၀၀၊ ဖျော်ရည်တစ်ကြိမ်လှူင် ကျပ် ၅၀၀၀ ဖြင့် အဆိုပါရိပ်သာ ဖုန်း-၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

### ရောင်တော်ဖွင့် ပူဇော်

မတ် ၇ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သတ္တဋ္ဌာန ရုပ်ပွားဆင်းတုတော်များအား ရောင်တော်ဖွင့်ပူဇော်စဉ်။
(သတင်း-ရွှေဖုံး)
(သတင်းစဉ်)

မတ် ၇ရက်က ဘုရားဒါယကာ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေက ဇမ္ဗူ့ဥသျှောင် မြတ်ဘုန်းခေါင် ဓာတ်ပေါင်းစုံ စေတီတော်များ တည်ထားကိုးကွယ်ရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထားစဉ်။
(သတင်း-ရွှေဖုံး)(သတင်းစဉ်)





## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၈-၃-၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၈။ ဗိုလ်မြတ်ထွန်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ အကပဒေသာ
၅:၄၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၅၀ ၉။ မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံ
၆:၀၅ ၁၀။ သင်ပုန်းရေလှောင်တမံ
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ (၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၇:၁၅ ၁၅။ စက်မှုဖွံ့ဖြိုးအားခေတ်ကျော်လွှား
၇:၂၅ ၁၆။ တေးဂီတအစီအစဉ်
၇:၄၀ ၁၇။ (၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် (စစ်ချီစစ်ရေးစစ်တေးကဗျာ) (အပိုင်း-၁) (ဂီတလုလင်အကယ်ဒမီဦးကိုကိုနှင့် ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသား/သူများ)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၇)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။





● ကျောဖုံးမှ

ပြည်ထောင်စုလမ်းမကြီး ပဲခူး - ညောင်လေးပင် အပိုင်းကို တာဝန်ယူ ဆောင်ရွက်နေသည့် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက် ရှင်းလင်း ဆောင်သို့ ရောက်ရှိကြသည်။ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နှင့် အဖွဲ့ဝင်များအား ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက် အင်ဂျင်နီယာမှူးကြီး ဦးစောဒေးဗစ်သာ၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမောင်မောင် နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်း ဆောင်၌ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်အား အင်ဂျင်နီယာမှူးကြီး ဦးစောဒေးဗစ်သာနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင် တို့က ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီး၏ မိုင်တိုင်အမှတ် (၅၀/၀)မှ (၉၈/၀)အထိ (၄၈)မိုင် အရှည်ရှိ လမ်းပိုင်းနှင့် ရန်ကုန်-မြိတ် ပြည်ထောင်စုလမ်းမကြီး၏ ဘုရားကြီး-ကျိုက်ထို လမ်းပိုင်း၊ မိုင်တိုင် အမှတ် (၆၀/၄)မှ (၁၁၆/၇)အထိ ၅၆မိုင် သုံးဖာလုံ အရှည်ရှိ လမ်းပိုင်း တို့တွင် မူလလမ်းဟောင်းကို ၂၄ ပေ အကျယ်ရှိရန် လမ်းချဲ့ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ လမ်းမျက်နှာပြင်လွှာ ညှိခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းတစ်ဖက်စီတွင် မြေသားလမ်း တစ်လမ်းစီ ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပဲခူးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးတင်ထွတ်က ပဲခူးတိုင်း အတွင်းရှိ လမ်းများ၊ တံတားများ တည်ရှိမှု အခြေအနေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင် ရွက်လျက်ရှိသည့် လမ်းများနှင့် တံတားများ ပြုပြင်တည်ဆောက်လျက် ရှိသည့် အခြေအနေနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူးတိုင်း အပိုင်းတွင် ပုဂ္ဂလိကကုမ္ပဏီ လေးခုတို့က လမ်းအဆင့်မြှင့်တင်ခြင်း အရှည်ပေ ၅၀ အောက် တံတားများ ပြုပြင်တည်ဆောက်နေမှု အခြေအနေ များကိုလည်းကောင်း ရှင်းလင်းတင်ပြ ရာ ပဲခူးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

## မှာကြား

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က လမ်း၊ တံတား များကို စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်ရေး၊ လမ်းများကို တစ်ကွက်ပေါက် တစ်ကွက်ဖာစနစ် ကျင့်သုံးပြုပြင် ထိန်းသိမ်းရေး၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်း စက်ယန္တရားများ ကို ကြိုတင်စုဆောင်းထားပြီး ပွင့်လင်း ရာသီတွင် လမ်းများကိုအရှိန်အဟုန် ဖြင့် ဆောင်ရွက်ရေးတို့ကို မှာကြား သည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ ဝင်များသည် မော်တော်ယာဉ်များဖြင့် ပဲခူးမြို့နှင့် ဘုရားကြီးဘူတာဝင်း အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန မြန်မာ့မီးရထားက တာဝန်ယူ ဆောင်ရွက်နေသော ရန်ကုန်- ညောင်လေးပင် ရထားလမ်းပိုင်း အဆင့် မြှင့်တင်ရေးစီမံကိန်း ရှင်းလင်း ဆောင်သို့ ရောက်ရှိကြသည်။

## ရထားလမ်းအဆင့်မြှင့်တင်ရေး

အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင် များအား ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စီမံ ကိန်း ရှင်းလင်းဆောင်၌ ရထား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရန်ကုန်- မန္တလေး ရထားလမ်းအဆင့်မြှင့်တင် ရေးလုပ်ငန်း စီမံကိန်းဆောင်ရွက်လျက် ရှိသည့်အခြေအနေ၊ ရန်ကုန်-မန္တလေး လမ်းပိုင်းရှိ ခရီးမိုင် ၈၂ ဒသမ ၇၅ မိုင်ရှိ ရန်ကုန်-ညောင်လေးပင် ရထား လမ်းပိုင်းကို ပထမအဆင့်အဖြစ် သတ်မှတ်ကာ ရထားလမ်း အဆင့် မြှင့်တင်ရေးလုပ်ငန်း အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေ အနေ၊ စီမံကိန်းအတွက် စက်ယန္တရား များ ဝယ်ယူထားရှိမှု အခြေအနေ၊ ကွန်ကရစ် ဇလီဖားတုံးစက်ရုံ (ပြွန် တန်ဆာ) တည်ဆောက်နေမှုအခြေ အနေ၊ ရန်ကုန်-ညောင်လေးပင် ရထား လမ်းတစ်လျှောက် ကွန်ကရစ် ဇလီဖား တုံးများ လဲလှယ်ပြီးစီးမှု၊ ၇၅ ပေါင် အလေးချိန်ရှိ၍ တစ်ချောင်းလျှင် ၃၉ ပေရှိ သံလမ်းသုံးချောင်းဆက်ပြီး အရှည် ၁၁၇ ပေရှိ သံလမ်း ရရှိရန် သံဂဟေဆက်ခြင်း လုပ်ငန်းဆောင်ရွက် လျက်ရှိသည့် အခြေအနေနှင့် ရှေ့ဆက် လက် အကောင်အထည်ဖော်မည့် အစီအစဉ်များ၊ ရန်ကုန်မြို့ပတ် ဆင်ခြေဖုံး လမ်းပိုင်းများတွင် ရထား များ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ဒုတိယမြို့ပတ်ရထားလမ်း တိုးချဲ့ ဖောက်လုပ်ရန် လိုအပ်မှုအခြေအနေ တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

## ရှင်းလင်းတင်ပြ

**လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူး-ညောင်လေးပင်အပိုင်းကို တာဝန်ယူဆောင်ရွက်နေသည့် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ထို့နောက် အထွေထွေမန်နေဂျာ (မြို့ပြ) ဦးသီဟန်က ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ ပထမအဆင့်အနေဖြင့် ရန်ကုန်မှ ဘုရားကြီးအထိ လမ်းအရှည် ၅၇မိုင်ကို မြန်မာ့မီးရထား တိုင်း အမှတ်(၆)နှင့်(၇)တို့ကလည်းကောင်း၊ မန္တလေးမှ တပ်ကုန်းအထိ လမ်းအရှည် ၁၃၂မိုင်ကို မြန်မာ့မီးရထားတိုင်း အမှတ် (၃)၊ (၄)နှင့် (၅)တို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ရထားလမ်းအဆင့် မြှင့်တင်ရေးစီမံကိန်း ဒုတိယအဆင့် အနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဘုရားကြီးမှ တပ်ကုန်းအထိ လမ်း အရှည် ၁၉၆မိုင်ကို လမ်းအဆင့်မြှင့် တင်ရေး လုပ်ငန်းဆောင်ရွက်မည့် စီမံချက်တို့ကိုလည်းကောင်း ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော် ဆန်းက ရန်ကုန်မြို့ပတ် ဆင်ခြေဖုံး လမ်းပိုင်းရထားများ တိုးချဲ့ပြေးဆွဲပြီး နေ့စဉ် ရန်ကုန်မြို့ပတ် ရထားစီး ခရီးသည်များ တိုးတက်များပြားစွာ စီးနင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် နေမှုအခြေအနေ၊ ရန်ကုန်မြို့တော်ရှိ လူဦးရေနှင့် ရထားစီးဦးရေ၊ မြို့ပတ် ရထားမှ ဝင်ငွေရရှိမှုနှင့် ရထားများ တိုးချဲ့ပြေးဆွဲရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို စာရင်းဇယား၊ ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြ သည်။

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက ထပ်မံဖြည့်စွက်ရှင်းလင်း တင်ပြသည်။

## ဖိဖိစီးစီးဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံ တော်အစိုးရက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အဘက် ဘက်က ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ လမ်းပန်းဆက်သွယ်မှုတွင် စရိတ်စကသက်သာ၍ အချိန်တို အတွင်း ချောမောစွာ သွားလာနိုင်စေ ရေးအတွက် မော်တော်ကားလမ်းများ ရထားလမ်းများကို အဆင့်မြှင့်ပြုပြင် မွမ်းမံနေခြင်းဖြစ်ကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမှသာ ပြည်သူ တို့၏ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်တိုးတက်လာမည်ဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု လည်း ပိုမိုတိုးတက်လာမည်ဖြစ် ကြောင်း၊ ကုန်စည်စီးဆင်းမှုလည်း မှန်ကန်လာမည်ဖြစ်ပြီး ပြည်သူများ စားဝတ်နေရေး ဖူလုံကောင်းမွန်လာ မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မော်တော် ကားလမ်းနှင့် ရထားလမ်းများ အမြန်ဆုံး ပြီးစီးအောင်မြင်အောင် စေတနာထား၍ ဖိဖိစီးစီးဆောင်ရွက် ကြရန်ဖြစ်ကြောင်း။

ရန်ကုန် ဆင်ခြေဖုံး မြို့ပတ်ရထား လမ်း တိုးချဲ့ဆောင်ရွက်ရာတွင်လည်း ဦးစားပေးအဆင့်များ သတ်မှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွား ရန်ဖြစ်ကြောင်း၊ ရထားများ အချိန်မှန် ထွက်ရှိရေး၊ မီးအလင်းရောင် ကောင်း စွာ ရှိနေရေး၊ လုံခြုံမှုရှိစေရေး၊ ရေအိမ် များ သန့်ရှင်းရေးနှင့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ရထားကို အားကိုး စီးနင်းနိုင်အောင် ဆောင်ရွက်ရန် ဖြစ်ကြောင်းဖြင့်မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင် များသည် ဘုရားကြီးဘူတာရှေ့ ရန်ကုန်-ညောင်လေးပင် လမ်းပိုင်း ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံ ကိန်း သံလမ်းဂဟေစက်ရုံဝင်းအတွင်း ၌ Nakayama ကျောက်ခွဲစက်ဖြင့် ရထားလမ်းအတွက် ကျောက်များ ခွဲစိတ်နေမှုကို ကြည့်ရှုစစ်ဆေးကြ သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ ဝင်များသည် ဘုရားကြီးဘူတာမှ သံလမ်းပြေးရထားဖြင့် ဘုရားကြီး ဘူတာနှင့် ရွှေလှေဘူတာတို့အကြား ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံ ကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ ဝင်များသည် သံလမ်းပြေး ရထားဖြင့် ဘုရားကြီးဘူတာနှင့် ရွှေလှေဘူတာ အကြား၌ Automatic Levelling, Lining and Tamping Machine for Plain Track စက်ယန္တရား ဖြင့် ရထားသံလမ်း နှစ်ချောင်း၏ လက်ရှိ Level နှင့် Alignment မှန်ကန်စွာ အလိုအလျောက်မတင်၍ ဇလီဖားတုံးအောက်ခြေရှိ ကျောက် များကို ကျစ်လျစ်သိပ်သည်းအောင် စက်ဖြင့် ရိုက်သွင်းပေးနေမှု၊ တစ်ကြိမ် လျှင် ဇလီဖားတုံး တစ်တုံးစီကို ကျောက်ရိုက်တံ ၁၆ ချောင်းဖြင့် ကျောက်ရိုက်သွင်းနေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

## သံဂဟေဆော်နေမှုများစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဂဟေဆက်ပြီး ရထားသံလမ်းအသစ် များ လဲလှယ်တပ်ဆင်နေမှုနှင့် Flash Butt Welding Machine (APT 5OOC) ဖြင့် ရထားသံလမ်းပေါ် တွင် ရွေ့လျားစနစ်ဖြင့် သံလမ်း များအား တစ်ချောင်းနှင့် တစ်ချောင်း တော့ဆက် ဂဟေဆော်နေမှု အခြေ အနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

## ပြန်လည်ရောက်ရှိ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ ဝင်များသည် ရွှေလှေဘူတာမှ ပဲခူး ဘူတာအထိ ရထားလမ်းပိုင်း အဆင့် မြှင့်တင် ဆောင်ရွက်ပြီးစီးနေမှု အခြေ အနေများကို သံလမ်းပြေး ရထားဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲ ပိုင်းတွင် ပဲခူးမြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်း ခရိုင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၇**

၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် မြို့နယ် မြန်မာ့မီးရထား အားကစား ပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေး ကြည့်ရှုပြီး ဆုများပေးအပ်ချီးမြှင့်သည်။

## အနိုင်ရဗိုလ်စွဲ

ရှေးဦးစွာ ၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ရန်ကုန်မြောက်ပိုင်း ခရိုင် အမျိုးသမီးဘောလုံးအသင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးဘောလုံးအသင်းက ရန်ကုန် အနောက်ပိုင်းခရိုင် အမျိုးသမီး ဘောလုံး အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ဘောလုံးဗိုလ်လုပွဲအပြီး တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဆုရရှိ သည့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီး ဘောလုံးအသင်းမှ အားကစားသမားများကို တစ်ဦးချင်း ဆုများနှင့် ငွေသားဆု ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ ဇနီး ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယက အဖွဲ့ဝင် ဒေါ်ဆွေဆွေဦးကလည်း ကောင်း၊ ပထမဆုရရှိသည့် ရန်ကုန် မြောက်ပိုင်းခရိုင် အမျိုးသမီးဘောလုံး အသင်းမှ အားကစားသမားများကို တစ်ဦးချင်းဆုများနှင့် ငွေသား ဆုငွေ ကျပ်နှစ်သိန်းကို တိုင်းမှူး၏ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးကလည်း ကောင်း ဆုများ ပေးအပ်ချီးမြှင့် ကြသည်။

## ရုပ်သိမ်း

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၄ ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ တွင် အနိုင်ရဗိုလ်စွဲသွားသည့် ရန်ကုန် မြောက်ပိုင်းခရိုင် အမျိုးသမီးဘောလုံး အသင်းအား တံခွန်စိုက်ဖလားဆုကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်းအနီး ဇေယျသိဒ္ဓိတံတားဦးစေတီ ရွှေထီးတော်တင်

ရန်ကုန် မတ် ၇

**မန္တလေးမြို့၌ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ယနေ့တွင် မန္တလေးမြို့ မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်းနေရာအနီးရှိ ရှေးဟောင်းဘုရားဖြစ်သော ဇေယျသိဒ္ဓိတံတားဦးစေတီ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့တက်ရောက်ကာ စေတီတော်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ကပ်လှူပူဇော်သည်။**

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နံနက် ၇နာရီခွဲတွင် စတင်ကျင်းပရာ မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးစိုးမင်းနှင့်ဇနီး၊ ညှော့ပရိသတ်များက အမရပူရမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆင်ဖြူမယ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဦးဥတ္တရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို တို့အား အမှူးထား၍ လှူဒါန်းထားသော စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင် ဦးစိုးမင်းနှင့် ဒေါ်နုနုလတ်တို့က ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ယင်းနောက် ဆရာတော် သံဃာတော်များက လှူဒါန်းမှုအစုစုတို့အတွက် ဆင်ဖြူမယ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဦးဥတ္တရက သာဓုအနုမောဒနာတရား ချီးမြှင့်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ညှော့ပရိသတ်များက ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ထို့နောက် ဘုရားထီးတော်တင် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ဇေယျသိဒ္ဓိ တံတားဦးစေတီတော်ကို လက်ယာရစ် တစ်ပတ်ပူဇော်ကြကာ မင်္ဂလာအချိန်တွင် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရွှေထီးတော်ဘုံအဆင့်ဆင့်အား တင်လှူပူဇော်ပြီး ရွှေထီးတော်တင် မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုး၊ငွေမိုး ရွာသွန်းပေးသည်။

(သတင်းစဉ်)



**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

**သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို ဘွဲ့ရဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား ကျောက်ပန်းတောင်းမြို့နယ်အသင်းက ပူဇော်

**ရန်ကုန် မတ် ၇**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ် လှူဒါန်းခဲ့သည့် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအနက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း တာမွေမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ဓမ္မာစရိယ တက္ကသိုလ်ကျောင်းတိုက်ဝင် ဦးဆောင်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ အရိယဝံသ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ စိတ္တပါလ ဂူကျောင်းဆရာတော် ဘဒ္ဒန္တ လာဘ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အနောက်ထီးလင်းကျောင်းတိုက် မြလေးကျောင်း ဆရာတော် ဘဒ္ဒန္တ ဩဘာသ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ချင်းပြည်နယ် မင်းတပ်မြို့ တောင်ပုလု ပရိယတ္တိ ပဋိပတ္တိ တိုက်ခွဲ ဆရာတော် ဘဒ္ဒန္တ ပညာသိရီ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ကျွဲကန်ရွာ ကျွဲကန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုမာရ၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းမြို့ မြတ်ရွှေဂူစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တ ဓမ္မာဝုဓ၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားအုပ်စု တောင်ကလပ်ကျေးရွာ ကုမာရာ ရာမတိုက်နှင့် ရေနံ့သာတောရ ပရိယတ္တိ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ပညာသာမိ၊ စေတီယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းမြို့ သုခဝတီစာသင်တိုက်မှ ဆရာတော် သီရိဓမ္မာဘိဝံသနှင့် ၂၀၀၃ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမရရှိတော်မူသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်စာသင်တိုက်မှ အဂ္ဂမဟာကျော် ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုနန္ဒတို့အား ကျောက်ပန်းတောင်းမြို့နယ်အသင်းက ပူဇော်ပွဲနှင့် သီဟသုဓမ္မ ဇောတိကဓဇဘွဲ့ရ ဦးအေးလွင် (ကျောက်ပန်းတောင်း)နှင့် ထူးချွန်ဆုရ ပုဂ္ဂိုလ်များအား ချီးကျူးဂုဏ်ပြုပွဲ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ခန်းမရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာ ဘိဝံသက ရှစ်ပါးသီလချီးမြှင့်တော်မူပြီး အလိုတော်ပြည့် ဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူသည်။

**လျှောက်ထား**

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အသင်း အသင်းသား၊အသင်းသူများက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကိုးပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အသင်းဥက္ကဋ္ဌဦးမောင်မောင်က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က သီဟသုဓမ္မဇောတိကဓဇဘွဲ့ရ ဦးအေးလွင်နှင့် ထူးချွန်ဆုရ ပုဂ္ဂိုလ်များအား ဂုဏ်ပြု မှတ်တမ်းလွှာချီးမြှင့်ပြီး ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**လူငယ်များ ပြုစုပျိုးထောင်ရေး အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အခမ်းအနား မူဆယ်မြို့၌ ကျင်းပရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့် အဆောက်အအုံအတွက် ရွှေပန္နက်၊ ငွေပန္နက်တိုင် စိုက်ထူပေးစဉ်။**

(မူးယစ်/ဗဟို)

# လူငယ်များပြုစုပျိုးထောင်ရေးအဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနား မူဆယ်မြို့နယ်၌ကျင်းပ

ရန်ကုန် မတ် ၇

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၏ အစီအစဉ်ဖြင့် တည်ဆောက်သွားမည့် လူငယ်များပြုစု ပျိုးထောင်ရေးဌာန အဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၄ရက် နံနက် ၉နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာအုပ်စု တီးမကျေးရွာ၌ ကျင်းပရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ မူးယစ်ဗဟိုအဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ မူးယစ်ဗဟိုရုံး ညွှန်ကြားရေးမှူး ရဲမှူးကြီး စစ်အေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ စုစုပေါင်းအင်အား ၁၀၀၀ခန့် တက်ရောက်ကြသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ ကိုယ်စား ဒုတိယရဲချုပ်ရဲမှူးချုပ် ဇော်ဝင်းက အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေဒေသအတွင်း မူးယစ်ဆေးဖြတ်ကုသပေးမည့် ဆေးရုံ၊ ဆေးခန်းများ လိုအပ်နေသည့်အပြင် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များကလည်း နိုင်ငံ့အကြီးအကဲများနှင့် တွေ့ဆုံသည့်အခါ ၎င်းတို့နယ်မြေဒေသအတွင်း မူးယစ်ဆေးဖြတ်ကုသပေးမည့် စခန်းများဖွင့်လှစ်ပေးရေးကို တင်ပြခဲ့ကြကြောင်း၊ သို့ဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေအတွင်း သင့်လျော်မည့် ဒေသတစ်ခုခုတွင် မူးယစ်ဆေးဖြတ် ကုသရေးနှင့် ပြန်လည်ထူထောင်မှု ပြုလုပ်ပေးမည့် ဌာနတစ်ခု ဖွင့်လှစ်သွားရေးကို ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၇ရက်နေ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ကျင်းပသည့် မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၂/၂၀၀၃)တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ယနေ့အခမ်းအနားကျင်းပသည့်ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာအုပ်စု၊ တီးမကျေးရွာအနီး မြေနေရာကို ရွေးချယ်ပြီး မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးမည့်ဌာန တစ်နည်းအားဖြင့် လူငယ်များပြုစုပျိုးထောင်ရေးဌာနတစ်ခု ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**တိုက်တွန်းပြောကြား**

ဆက်လက်၍ ရဲမှူးချုပ်ဇော်ဝင်းက ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှု မရှိအောင် ဆောင်ရွက်နိုင်ရုံဖြင့် မူးယစ်ဆေးဝါးကင်းစင်သည့်ဒေသ၊ မူးယစ်ဆေးဝါးကင်းစင်သည့်နိုင်ငံအဖြစ် သတ်မှတ်နိုင်မည် မဟုတ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကိုလည်း အခြားတစ်ဖက်မှ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်အောင် ဆောင်ရွက်ရာတွင် လက်ရှိ မူးယစ်ဆေးဝါးသုံးစွဲနေသူများအား ဆေးဖြတ်ကုသမှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်ကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ မူဆယ်မြို့နယ် တီးမကျေးရွာတွင် လူငယ်များပြုစု ပျိုးထောင်ရေးဌာနတစ်ခု ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ဌာနတည်ဆောက်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးပြီး ဌာနစတင်ဖွင့်လှစ်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားများအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညိုဝင်းမြင့်က မူးယစ်ဆေးစွဲသူများအတွက် ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်မှုပေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပူးပေါင်းပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**ပန္နက်တိုင်စိုက်ထူ**

ထို့နောက်အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ မူးယစ်ဗဟိုရုံး ညွှန်ကြားရေးမှူး ရဲမှူးကြီး စစ်အေး၊ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးစိုးဝင်းတို့ ဦးဆောင်ပြီး နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူ ၁၀ဦးတို့က မူဆယ်မြို့နယ် တီးမကျေးရွာ လူငယ်များ ပြုစုပျိုးထောင်ရေးဌာန အဆောက်အအုံအတွက် ရွှေပန္နက်၊ ငွေပန္နက်တိုင်များ စိုက်ထူပေးခဲ့ကြသည်။

(သတင်းစဉ်)

ယနေ့ထုတ်
စောင်ရေ
၁၉၅၄၅၇

**အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**

**၂၀၀၄ ခု၊ မတ်လ(၈)ရက်**

**International Women's Day**

**8th March 2004**

# ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၇

**ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီခွဲတွင် ကန်တော်ကြီးဥယျာဉ် Central Forest Zone ရှိ Water Plaza တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။**





ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန် ဥယျာဉ် (ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ သိသိသာသာ တိုးတက်လာပြီ ဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးသည့်လုပ်ငန်းများ အချောသတ်ဆောင်ရွက်ရာတွင် Detail Design များအတိုင်း တိတိကျကျ ဆောင်ရွက်ကြရာမှာဖြစ်ကြောင်း၊ ကန်တော်ကြီးဥယျာဉ်အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဇုန်လေးဇုန်ခွဲ၍ ဌာနဆိုင်ရာများမှ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ တစ်ပြိုင်တည်း ပြီးစီးရေးအတွက် အင်တိုက်အားတိုက် တက်ညီလက်ညီ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

### အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးကို တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများက သက်ဆိုင်ရာ ဇုန်များအလိုက် အဆင့်မြင့်တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားညှိနှိုင်းဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် Relaxation Zone အတွင်း Conference Hall တည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ Timber Walk Way တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားတည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

## အမှာစကားပြောကြား

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်း အဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။**

(ရန်ကုန်တိုင်း)

# တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖားကန့်မြို့ ဆိပ်မူ–ယူမာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၇**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖားကန့်မြို့ ဆိပ်မူ–ယူမာ ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃ရက်နံနက် ၇နာရီက အဆိုပါလမ်း မုခ်ဦးတွင် ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေနှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်ဇေယျက ဆိပ်မူ–ယူမာ ကတ္တရာလမ်းမကြီး ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဖားကန့်မြို့နယ်မှ ရုပ်မိရုပ်ဖ ဦးမြအုန်းက ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇေယျကလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းများကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနားခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေနှင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆိပ်မူ–ယူမာ ကတ္တရာလမ်းသစ်မှာ အရှည်ပေ၁၀၀၀ အကျယ် ၁၈ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်၃၈၀၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်သည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ထိုင်း အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးနှင့်အဖွဲ့တွေ့ဆုံ

**ရန်ကုန် မတ် ၇**

မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်အား ရန်ကုန်မြို့တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံ အားကစားနှင့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Sontaya Kunplome နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ၁၂နာရီ၄၅မိနစ်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ) ကျောက်စိမ်းခန်းမသို့ သွားရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကျူ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၇**

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ 3rd MSC International Cyberlaws Conference အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မတ်၅ရက် ညနေပိုင်းတွင် မလေးရှားနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။ မတ်၃ရက်တွင် အဆိုပါ အစည်းအဝေး၌ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒေါက်တာထွန်းရှင်သည် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့အား ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း တိုင်းဥပဒေအရာရှိနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအလုံးမောင်လည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

# သတ္တမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သဲသောင်ပြင်ဘော်လီဘော ပြိုင်ပွဲဖွင့်

**ရန်ကုန် မတ် ၇**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၄ခုနှစ် သတ္တမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားသဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ သဲသောင်ပြင်ဘော်လီဘောအားကစားပြိုင်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းသတ်မှတ်နေရာ၌ နေရာယူကြပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများ အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြပြီး အားကစားပြိုင်ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြကာ ဖွင့်ပွဲနေ့ ပြိုင်ပွဲပွဲစဉ်များကို ဆက်လက်ကျင်းပကြသည်။

ပြိုင်ပွဲကို ယနေ့မှစတင်၍ မတ် ၁၂ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်း အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

# ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၇**

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဟောပြောပွဲကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့ရှိ သီရိပညာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း အမျိုးသမီးရေးရာဖွဲ့ နာယက၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

### ဆွေးနွေးဟောပြော

အစီအစဉ်အရ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားပြီး ပဲခူးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ လူမှောင်ခိုကုန်ကူးမှု ကာကွယ်တားဆီးရေးအဖွဲ့ ခေါင်းဆောင် ဒေါ်သန်းသန်းစုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးအဖွဲ့– အဖွဲ့ဝင် ဒေါ်ခင်မြင့်မြင့်တို့က အမျိုးသမီးများအား လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းရပ်များအား ဆွေးနွေးဟောပြော၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်သည် ပဲခူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ပဲခူးမြို့ သပြေကုန်း ဘိုးဘွားရိပ်သာ ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပစ္စည်းများထောက်ပံ့ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၂၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကာ ဆေးဝါးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

(သတင်းစဉ်)

# ဧစ္ဆစပ်ကြောင်းလမ်းပြီးစီးခြင်း

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ–ဒေါ်ခင်မာအေး
တို့၏သား
**ဒေါက်တာဇင်မောင်လွန်း M.B.,B.S (Ygn)**
နှင့်
ဦးထိန်ဝင်း(ဥက္ကဋ္ဌ၊ မြစ်မခကုမ္ပဏီများအုပ်စု)–ဒေါ်မြင့်မြင့်တို့၏တူမ
ဦးမင်းကို(တရားရုံးချုပ်ရှေ့နေ)–ဒေါ်ကြည်မြင့်
တို့၏သမီး
**ဒေါက်တာဇာခြည်ကို M.B.,B.S (Ygn)**
တို့သည် ၇–၃–၂၀၀၄(တနင်္ဂနွေနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း
နှင့်
စေ့စပ်မင်္ဂလာပွဲတွင် စေ့စပ်လက်စွပ် ချီးမြှင့်ပေးပါသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ဇနီး ဒေါ်မေကြည်စိန် တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**ဒေါက်တာဇင်မောင်လွန်း–ဒေါက်တာဇာခြည်ကို။**


# ဂုဏဝိသိဋ္ဌပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၇**

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး၏ နာယက စာချမ္မောစရိယ၊ ပါဠိပါရဂူ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဝိသိဋ္ဌဒီဃဘာဏက(ဒွိပိဋကဓရ၊ ပိဋကတ်နှစ်ပုံဆောင်) ဘဒ္ဒန္တပညိန္ဒာဘိဝံမထေရ်မြတ်အား မွေးဇာတိမြေ ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ သုခမ္မာနိကာယ မဟာပဝါရဏာဂိုဏ်းကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏဝိသိဋ္ဌ ပူဇော်ပွဲကို မတ် ၂၀ရက် မွန်းလွဲ ၁နာရီတွင် မြင်းကကုန်းမြို့ မင်္ဂလာရာမ ကန်ဦးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)







# ပြန်ကြားရေးဝန်ကြီးဌာန

**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူရန် တင်ဒါ ခေါ်ယူခြင်း**

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းကို ဝယ်ယူလိုပါသည်။
Duplex Board Paper 180 gm (32"x 40") - 100 Tons

၂။ တင်ဒါပေးသွင်းမှုကို(၁၁–၃–၂၀၀၄)ရက်နေ့ (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း – ၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။**













Beauty Palace Co. Ltd. မှ ထုတ်လုပ်၍ အရည်အသွေးကောင်းမွန်သည့် လူကြိုက်များသော A21 နှင့် 1 Plus 1 ဆပ်ပြာအမျိုးမျိုး၊ Best-T သွားတိုက်ဆေးများကို စိတ်တိုင်းကျ ဝယ်ယူနိုင်ရန်အတွက် ရောင်းချလိုသည့် နယ်ကိုယ်စားလှယ်များသည် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**အောက်မြန်မာပြည်**
Beauty Palace Co. Ltd.
အမှတ် ၃၉၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း –၂၂၄၆၄၆၊ ၂၂၆၃၅၃၊ ၂၂၅၇၃၃၊ ၂၂၆၂၆၇ ဖက်စ် – ၂၂၈၂၈၄
ဆယ်လူလာ – ၀၉ ၅၀၀၂၀၉၇၊ ၀၉ ၅၀၀၃၃၂၅၊ ၀၉ ၉၉ ၂၄၀၉၀

**အထက်မြန်မာပြည်**
ကိုမြတ်ဇော် (ခ) ကိုသံခဲ (မြိုင်မြန်မာ ရောင်းဝယ်ရေး)
အမှတ် ၁၃၅၊ ၈၄ လမ်း၊ ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း – (၀၂) ၃၁၆၇၄၊ ၃၁၆၇၅၊ ၂၅၂၁၄

**စက်ရုံ**
Beauty Palace Co. Ltd.
အမှတ် ၁၅၄၊ မြတောင်ဝန်ကြီးဦးဖိုးလမ်း၊ စက်မှုဇုံအမှတ် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၆၈၃၄၁၇၊ ၆၈၄၇၉၃

# ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မတ် ၇

**ဂျပန်နိုင်ငံ Nippon Foundation၏ ပံ့ပိုးကူညီမှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် Japan Association of Marine Safety တို့ ပူးပေါင်းကျင်းပသည့် Workshop on Impact of the oil spill and how to combat ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပသည်။**

**တက်ရောက်**

ဆွေးနွေးပွဲသို့ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး များဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ Nippon Foundation မှ ဧည့်သည်တော်များ၊ CMV (Cambodia, Myanmar, Vietnam) Projectမှ တာဝန်ခံအရာရှိများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံသံရုံးမှ Mr. Masahiko Teruya နှင့် Nippon Foundation မှ Mr. Nobuyuki Utsumi တို့က အမှာစကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ Nippon Foundation နှင့် CMV Project မှ တာဝန်ခံ အရာရှိများ စုစုပေါင်း ၁၀၉ ဦး တက်ရောက်ဆွေးနွေးကြသည်။ (သတင်းစဉ်)

# လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၇**

မင်းဓမ္မကုန်းတော် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး တပေါင်းလပြည့် ပြည်တော်ဝင် အခါတော်နေ့ ဗုဒ္ဓပူဇနိယမင်္ဂလာ အခမ်းအနားကို မတ် ၅ ရက် နံနက် ၅နာရီခွဲတွင်ကျင်းပရာ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား မင်းဓမ္မ ကုန်းတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်နှင့် ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်တော်ဝင် အခါတော်နေ့အကြောင်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းပြောကြားပြီး ပြည်တော်ဝင်အခါတော်နေ့ ဗုဒ္ဓပူဇနိယ မင်္ဂလာအခမ်းအနားအဖြစ် ညနေ ၅နာရီအထိ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ပူဇော်ကြသည်။ (သတင်းစဉ်)



**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်အား ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr. Sontaya Kunplome နှင့်အဖွဲ့ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။** (ဟိုတယ်/ခရီး)

# အာစရိယပူဇော်ပွဲ

**ရန်ကုန် မတ် ၇**

အထက(၁)ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၁၉၇၅ ခုနှစ်မှ ယနေ့အထိ သင်ကြားပေးခဲ့သော အသက် (၅၀)နှင့်အထက် လုပ်သက် (၁၀)နှစ်ပြည့် ဆရာ၊ ဆရာမများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ယင်းကျောင်း၏ ဒဂုံသီရိခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

အာစရိယ ပူဇော်ပွဲသို့ ပညာသင်နှစ်အသီးသီးတွင် ပညာဆည်းပူးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းအားလုံးတက်ရောက်ပူဇော်ကြပါရန်နှင့် လှူဒါန်းလိုပါက မင်းတလဉာဏ်–မထွေးထွေးကြည် ဖုန်း–၂၀၀၃၅၉၊ ဉက္ကာထွန်း–မချိုလေးလွင် ဖုန်း–၂၄၀၄၈၃တို့ထံ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

# မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အထွေထွေသုံး စုဝေးခန်းမ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် မတ် ၅ ရက် နံနက်ပိုင်းတွင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အထွေထွေသုံးစုဝေးခန်းမကြီးသို့ သွားရောက်၍ ခန်းမကြီးအချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု လုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဌာနမှူး ဦးဇော်ဝင်းက အထွေထွေသုံးစုဝေး ခန်းမကြီး မျက်နှာကြက် တပ်ဆင်ခြင်းလုပ်ငန်း၊ ကြမ်းခင်းပါကေးလုပ်ငန်း၊ လျှပ်စစ်မီးကြိုးဆက်သွယ်ပြီးစီးမှု အခြေအနေများနှင့် ခန်းမပတ်ဝန်းကျင်တွင် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ မြေယာရှုခင်းပြုပြင်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။ (သတင်းစဉ်)

# ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်အား ထိုင်းဝန်ကြီးနှင့်အဖွဲ့တွေ့ဆုံ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေး

ရန်ကုန် မတ် ၇

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr. Sontaya Kunplome ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၅ ရက်နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။**

**ကြိုဆိုနှုတ်ဆက်**

ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်လတ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆွေးနွေး**

ထို့နောက် နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံအားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr. Sontaya Kunplome ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမ၌ဝန်ကြီးအားလာရောက်တွေ့ဆုံပြီး မြန်မာ–ထိုင်းနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

# သုံးနှစ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုး

**ရန်ကုန် မတ် ၇**

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းနှင့် ဂျပန်နိုင်ငံတီဘီရောဂါတိုက်ဖျက်ရေးအသင်း Japan Anti-TB Association (JATA) တို့ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အထိသုံးနှစ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်၊သန်လျင်၊ကျောက်တန်း မြို့နယ်များနှင့် မန္တလေးတိုင်း အောင်မြေသာစံ၊ ချမ်းမြသာစည်၊ အမရပူရမြို့နယ်များ၌ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မတ် ၄ ရက်နေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံတီဘီရောဂါတိုက်ဖျက်ရေးအသင်း Chairman; Board of Director Dr. Nakamura နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေနှင့် Dr. Nakamura က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းစီမံချက်မန်နေဂျာ ဒေါက်တာဝင်းမောင်နှင့် Dr. Nakamura တို့က ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လက်မှတ်ရေးထိုးကြသည်။ (သတင်းစဉ်)

# (၅၉)နှစ်မြောက်တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ အငြိမ့်၊စင်တင်တေးနှင့်ရုပ်ရှင်များဖြင့်ဖျော်ဖြေ

**ရန်ကုန် မတ် ၇**

(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန၊ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊မြဝတီစင်တင်တေးဂီတအဖွဲ့နှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် မတ် ၄ ရက် ည ၇ နာရီတွင် ဖျော်ဖြေကြသည်။

**ဖျော်ဖြေတင်ဆက်**

ထိုသို့ဖျော်ဖြေရာတွင် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်းတို့၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် စင်တင်တေးဂီတအဖွဲ့နှင့်အတူ စတူဒီယိုတေးသံရှင်များကလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့၌ အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ဖျော်ဖြေရေးအဖွဲ့က အငြိမ့်၊ အဆို၊ အက၊ ဟာသများဖြင့်လည်းကောင်း၊ တပ်မတော်အရိုးကု ဆေးရုံခုတင်(၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲအဖွဲ့ငယ်က အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ ရေဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ "မောဟမျှဉ်းပြိုင်များ" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ "အဖေ့နေရာ"မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)



**မင်္ဂလာဒုံမြို့နယ် အမှတ်(၁၅)အခြေခံပညာ မူလတန်း(လွန်)ကျောင်း၏ ၂၀၀၃–၂၀၀၄ပညာသင်နှစ် မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မတ် ၄ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဖုန်းက စတုတ္ထတန်းမှ မောင်သူသူအောင်အား ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။** (က–ပ)



တိုင်းရင်းဆေးသမားတော်ကြီး ဦးနေစက်ရောင်၏ အသက်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် သားဦးနေမျိုးမင်းစော–ဒေါ်ဝင်းဝင်းမော်တို့က ပြည်မြို့ တိုင်းရင်းဆေးရုံသို့ ထာဝရ ဆေးပဒေသာပင်ကျပ်တစ်သိန်းကို ဖေဖော်ဝါရီ ၁၁ ရက်က လှူဒါန်းရာ ပြည်မြို့တိုင်းရင်းဆေးရုံ ကြီးကြပ်ရေးဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန်း လက်ခံရယူစဉ်။ (၁၃၇)

## ဘုရားချောင်း(မြို့ပြ)တံတားနှင့် အောင်ဆန်းလမ်းတံတားဖွင့်

**မြောင်းမြ မတ် ၃**

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဘုရားချောင်း(မြို့ပြ)တံတားနှင့် အောင်ဆန်းလမ်းတံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် နံနက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ မြောင်းမြခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘုရားချောင်းတံတားနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးခင်မောင်ချိုက ရှင်းလင်းပြောကြားပြီး တံတားဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များကို ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက်မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးအေးဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဘုရားချောင်းတံတားသည် အရှည် ၈၇ပေ၊ အကျယ် ၁၈ပေနှင့် အောင်ဆန်းလမ်း တံတားသည်အရှည် ၃၂ပေ၊ အကျယ် ၁၃ပေတို့ဖြစ်ကာ စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုငွေကျပ် ၈၃ ဒသမ ၇ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(၁၇၆)**



ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အောင်မြေလောကစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိသုဒ္ဓါဘိဝံသ၏ သက်တော်(၆၀)ပြည့် ဝိဇာတ မင်္ဂလာနှင့် စတုတ္ထအကြိမ် စာအောင်သံဃာဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က အောင်မြေလောကစာသင်တိုက်တွင် ကျင်းပရာ လှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်လှူစဉ်။ (၈၇)

## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**သုံးခွ မတ် ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ရက်က စာပေသစ္စာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေး၊ ဒေါက်တာမြင့်သိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်လှစ်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးညွန့်ရွှေ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်နှင့် ကျေးရွာပြည်သူလူထု ၇၀၀ကျော် တက်ရောက်ကြပြီး ရန်ကုန်မြို့ မဟာသိမ်တော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရက ငွေကျပ်တစ်သိန်းနှင့် ဦးဇော်ထွန်းအောင်က ရေဒီယို တစ်လုံးလှူဒါန်းကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**



## အင်းတော်မြို့နယ်ပြည်သူ့ဆေးရုံ ဓာတ်မှန်ဆောင်ဖွင့်ပွဲကျင်းပ

**အင်းတော် မတ် ၃**

အင်းတော်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ ဓာတ်မှန်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် ညနေ ၅ နာရီက အဆိုပါ ဓာတ်မှန်ဆောင်ရှေ့ မြက်ခင်းပြင်တွင် ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကသာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။ **(၂၃၃)**

## တိုင်းရင်းကြက်မွေးမြူရေး ပံ့ပိုးငွေ လွှဲပြောင်းပေးအပ်

**ထန်းတပင် မတ် ၅**

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အေးရွာလေးစုံပြကျေးရွာနှင့် ဒိတ်ကုန်းကျေးရွာများသို့ တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ပံ့ပိုးမှုဖြင့် မွေးမြူရေးဘဏ်မှ ထုတ်ပေးသည့် အရင်းမပျောက် မတည်ပံ့ပိုးငွေ ၁၂၂၈၀၇ ကျပ်လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မတ် ၁ ရက် နံနက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ဇင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးတင့်(၃)တို့က သက်ဆိုင်ရာကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများမှတစ်ဆင့် မွေးမြူမည့်သူများသို့ လွှဲပြောင်းပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်း အသားကဏ္ဍထုတ်လုပ်မှုကို အထောက်အကူပြုစေရန်နှင့် ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုကိုအထောက်အကူပြုစေရန် မျိုးကောင်းမျိုးသန့်ဝက် ၂၉ယူနစ်ကိုလည်း ပေးအပ်ခဲ့သည်။ **(အပေါ်ဝဲပုံ)** (က–ပ)

## အမျိုးသမီးရေးရာ ဖွဲ့စည်းပုံထပ်ဆင့်ရှင်းလင်း

**ဝက်လက် မတ် ၃**

ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံ ထပ်ဆင့်ရှင်းလင်းရေးနှင့် အသင်းဝင်အင်အားတိုးချဲ့ရေးညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်အစည်းအဝေးခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ ရွှေဘိုခရိုင် အမျိုးသမီးရေးရာ နာယကနှင့် ဥက္ကဋ္ဌ ရွှေဘိုဒီဂရီကောလိပ် ပထဝီဝင်ပါမောက္ခ ဒေါ်ခင်မြတ်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဝက်လက်မြို့နယ် အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ရပ်ကွက်(၁)၊ (၂)၊ (၃)မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် အမျိုးသမီးရေးရာကော်မတီ နာယကက အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ညွန့်က အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် အသင်းဝင်အင်အားတိုးပွားရေးကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

## အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကု

**အုတ်တွင်း ဖေဖော်ဝါရီ ၂၉**

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်က အုတ်တွင်းမြို့နယ် ကျွဲပွဲအခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်းဆေးကုသပေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ပညာပေးဟောပြောပွဲ အခမ်းအနားသို့ အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွယ်နွယ်ဝင်းနှင့် လက်ထောက်ဆရာဝန်များ၊ ကျွဲပွဲရပ်ကွက် ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာနှင့် ကျွဲပွဲအထက ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြပြီး တောင်ငူဆေးရုံအုပ်ကြီး ဒေါက်တာ မြင့်မြင့်သန်းက ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြောသည်။

ကွင်းဆင်းကုသရာတွင် ကျွဲပွဲဒေသရှိ လူနာ ၇၈၁ ဦးတို့အား အခမဲ့ဆေး ကုသပေးကြပြီး ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီမှ ဆေးဝါးကုသမှုခံယူသူ လူနာများသို့ ကျပ်တစ်သိန်းတန်ဖိုးရှိသော ဆေးဝါးများကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(၂၉၄)**



ဧရာဝတီတိုင်း ဇလွန်မြို့နယ် ရွှေကျောင်းကျေးလက်လမ်း ကျောက်ချောခင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၂ရက်က ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်းလတ် ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

## လက်တွန်းထွန်စက် လွှဲပြောင်းပေးအပ်

**သနပ်ပင် ဖေဖော်ဝါရီ ၂၉**

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေဖြင့် ဝယ်ယူထားသော လယ်ယာ(၁၆) လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၌ ကျင်းပသည်။

**— ရှင်းလင်းပြောကြား —**

အခမ်းအနားတွင် မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ (အုပ်ချုပ်ရေး) ဦးအောင်ကျော်သူနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးမြင့်စိုးတို့က လက်တွန်းထွန်စက်အကြောင်း သိသင့်သိထိုက်သည်များကို တောင်သူလယ်သမားများအား ရှင်းလင်းပြောကြားသည်။

**— ပေးအပ် —**

ထို့နောက် မြို့နယ်စက်မှု လယ်ယာဦးစီးဌာန ဦးစီးအရာရှိ(အုပ်ချုပ်ရေး) ဦးအောင်ကျော်သူက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမန်နေဂျာဦးမြင့်စိုးအားလွှဲပြောင်းပေးအပ်ပြီး မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးမြင့်စိုးက တောင်သူလယ်သမားတစ်ဦးချင်းအားလယ်ယာ(၁၆)လက်တွန်းထွန်စက်များ ပေးအပ်သည်။ **(၁၄၅)**




မြိတ်မြို့နယ် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူကျောင်းသူများအား ဖေဖော်ဝါရီ ၂၅ ရက်က မြိတ်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးငွေဝင်းက ကျောင်းအုပ်ဒေါ်ယုယုဆွေထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (၂၇၈)

## မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်တိုးရေး ဆောင်ရွက်

**သာစည် ဖေဖော်ဝါရီ ၂၇**

သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခုနစ်အုပ်စုတွင် ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၁၄၀၀ ကို စိုက်ပျိုးမည်ဖြစ်ရာ တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးရေးအရ ဝါတစ်ဧကလျှင် ပိဿာချိန် ၄၀၀ ထွက်ရှိရေးအတွက် ဝါစိုက်တောင်သူကြီးများက ဝါစိုက်ပျိုးမည့် လယ်ယာမြေများအတွင်းသို့ နွားချေးများကို မိမိတို့၏ နွားလှည်းများဖြင့် စုပေါင်းချကြသည်။

နွားချေးစုပေါင်းချပွဲ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌဦးအေးလူ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကြင်မောင်၊ မြို့နယ်ဝါနှင့် ပိုးချည်မန်နေဂျာ ဦးမြင့်ထွေးနှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌများနှင့် တောင်သူဦးကြီးများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့က လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

သာစည်မြို့နယ် ကျေးရွာအုပ်စုခုနစ်အုပ်စုတို့တွင် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါဧက ၁၄၀၀ စိုက်ပျိုးကြမည်ဖြစ်ပြီး တစ်ဧကဝါပိဿာချိန် ၄၀၀ ပန်းတိုင်အထွက်နှုန်းတိုး စံချိန်မီရေးအတွက် ဝါနှင့်ပိုးချည်ဌာနမှ မန်နေဂျာ ဦးမြင့်ထွေးနှင့် ဝန်ထမ်းများက ကျေးရွာအုပ်စုခုနစ်အုပ်စုအတွင်းသို့ ကွင်းဆင်းလုပ်ဆောင်လျက်ရှိသည်။ (၄၂၅)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr. Sontaya Kunplome နှင့် အဖွဲ့အား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ (သတင်းစဉ်)



**ကြည့်ရှုစစ်ဆေး**

**လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရထားသံလမ်း အသစ်များ လဲလှယ်တပ်ဆင်နေမှုနှင့် သံလမ်းများ တစ်ချောင်းနှင့် တစ်ချောင်း တော့ဆက် ဂဟေဆော်မှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။**

(သတင်းစဉ်)

# လမ်းပန်းဆက်သွယ်ရေးကောင်းမှ ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်တိုးတက်မည် မော်တော်ကားလမ်းနှင့် ရထားလမ်းများ အမြန်ဆုံးပြီးစီးအောင် စေတနာထား၍ ဖိဖိစီးစီးဆောင်ရွက်

ရန်ကုန် မတ် ၇

**လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းအတွင်းရှိ ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူး–ညောင်လေးပင်လမ်းအပိုင်း ဆောင်ရွက်မှုအခြေအနေများနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ရန်ကုန်–ညောင်လေးပင်လမ်းပိုင်း ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

**ကြိုဆို**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး အတိုင်း ထွက်ခွာလာကြရာ ပဲခူးတိုင်းအဝင် ဝမ်းဘောဒတ်တံတားအနီး၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို လိုက်ပါလျက် ဆက်လက်ထွက်ခွာကြရာ ရန်ကုန်–မန္တလေး

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●





## အချိန်အခါမဟုတ် မိုးရွာမည့် သတိပေးချက်

ရန်ကုန် မတ် ၇

**ယနေ့ မြန်မာစံတော်ချိန် ၁၂း၃၀နာရီအချိန် တိုင်းထွာချက်များအရ ယနေ့မွန်းလွဲမှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းမြောက်ပိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်ဟု သက်ဆိုင်ရာမှ သတိပေးချက် ထုတ်ပြန်ထားသည်။**